The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိပဂံ(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 26 November 2024 ၁၁၆၅၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ

**နတ်တော်လခါမီ စာဆိုတော်လရာသီအခါ ရောက်ပြီမို့ ....**
ဆောင်းပါး စာမျက်နှာ » ၆

**ကမ္ဘောဒီးယားနိုင်ငံ၌ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အက်ပလီကေးရှင်း တည်ထောင်**
စာမျက်နှာ » ၁၃




**အနာဂတ်တွင် တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လေးများ**
ဆောင်းပါး စာမျက်နှာ » ၁၈

**ရုပ်ကြွင်းလောင်စာကို အန်တုလာသည့် နည်းပညာများ**
နည်းပညာနှင့် သုတကမ္ဘာ
စာမျက်နှာ » ၂၀

**ဆောင်းရာသီအတွက် အကောင်းဆုံးဓာတ်စာ အချဉ်စားပါ**
ဆောင်းပါး စာမျက်နှာ » ၂၄

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

## ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၂၇၁ ဒသမ ၇၈ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ခဲ့ပြီးဖြစ်


နေပြည်တော် နိုဝင်ဘာ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆန် ၂၄ ပြည်အိတ် ၂၀၀၀၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် စုစုပေါင်း ၁၇၂ ဒသမ ၃၄၈ တန်ကိုယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ရခိုင်ပြည်နယ်သို့ ပေးပို့မည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်လာသည့် ရေယာဉ်ကို တွေ့ရစဉ်။




၂၅-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။

# မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ အဝါရောင်အဆင့်ဟုသတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၂၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်ပါသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၂ သို့ ❂

ကြေးမုံ

# အမျိုးသားရေးအသိဖြင့် ပညာရေးမြှင့်တင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသူ နိုင်ငံသားများ၏ ပညာတတ်မြောက်မှု၊ အရည်အသွေးမြင့်မားမှုအပေါ်တွင် အဓိကတည်မှီနေသည်။ အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံအတွင်းပေါ်များမှသာ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာအောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်များရန်အတွက် မွေးထုတ်ပေးရာတွင် ပညာရေးဝန်းကျင်ကောင်းများနှင့် မိဘနှင့်ဆရာကောင်းများရှိရန်လိုအပ်သည်။ ပညာရေးဝန်းကျင်ကောင်းများကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဆရာများအနေဖြင့် တပည့်များ ပညာထူးချွန်ရေးသာမက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသည့် နိုင်ငံ့အကျိုးသယ်ပိုးထမ်းဆောင်မည့် သားကောင်းရတနာများဖြစ်ပေါ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားအများစုသည် ပညာကိုပြီးဆုံးအောင်သင်ယူခြင်းမရှိဘဲ အသက်အရွယ်အလိုက်၊ အတန်းအလိုက် ကျောင်းထွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ပညာတတ်များ အားနည်းလျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးတွင် ပညာတတ်များ ပေါ်များရန်လိုအပ်သဖြင့် နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ် ကလေးလူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး အလယ်တန်းပညာ KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ အဆိုပါရည်မှန်းချက်များ အောင်မြင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားများ၏ ဉာဏစွမ်းရည်မြင့်မားလာအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသည်။ ပြည်သူများ၏ အခြေခံဘဝအခြေအနေအရ အသိပညာနှင့် အတတ်ပညာ မျှတစွာဆောင်ရွက်ပေးမှသာ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ ထို့ကြောင့် KG+9 ပြီးဆုံးသည့်အခါ လုပ်ငန်းခွင်သို့ဝင်နိုင်မည့် အသက်မွေးဝမ်းကျောင်းပညာများကို ဆက်လက်သင်ကြားနိုင်အောင် ဖန်တီးပေးထားသည်။

နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကြီးဖြစ်၍ ပညာရေးဆိုင်ရာများသာမက နိုင်ငံသူ နိုင်ငံသားအားလုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြမှသာ လုပ်ငန်းစဉ်ကြီးအောင်မြင်ပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ပညာရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ အားပေးကူညီ ထောက်ပံ့ပေးလျက်ရှိသည်။ စိတ်ရှည်သည်းခံ၊ ဇွဲသန်သန်ဖြင့် အပင်ပန်းအနစ်နာခံကာ ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်သည်။ နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသော လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု အလေးအနက်ခံယူပြီး လုပ်ဆောင်ရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းစွာနေထိုင်နိုင်ခြင်း၊ အေးချမ်းစွာပညာသင်ကြားနိုင်ခြင်း၊ အေးချမ်းစွာအလုပ်အကိုင်များ လုပ်ကိုင်နိုင်ခြင်းတို့ဖြစ်သည်။ လက်ရှိတွင် တိုင်းရင်းသားဒေသအချို့၌ အေးချမ်းစွာမနေရခြင်း၊ ကောင်းမွန်စွာအလုပ်မလုပ်ရခြင်း၊ ပညာမသင်ရခြင်း စသည့်အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ ထိခိုက်လျက်ရှိသည်။ အထူးသဖြင့် ဒေသခံကလေးသူငယ် လူငယ်လူရွယ်များ ပညာသင်ယူခွင့်ဆုံးရှုံးလျက်ရှိသဖြင့် တိုင်းရင်းသားဒေသများ၏ အနာဂတ်များ မှောင်လင့်ချက်မဲ့သလိုဖြစ်နေသည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ပေးကြမည့်သူများသည် ဒေသခံတိုင်းရင်းသားပြည်သူများသာဖြစ်၍ မိမိဒေသကို မပျက်စီးစေဘဲ ကောင်းမွန်အောင် တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များပြုစုပျိုးထောင်ရေးကို နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု အလေးအနက်ခံယူပြီး ပညာရေးကဏ္ဍကို ဝိုင်းဝန်းမြှင့်တင်တည်ဆောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။




## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုအများဆုံးနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ၂၀၂၄ ခုနှစ် ဧပြီလမှစ၍ အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် စားအုန်းဆီထွက်ရှိမှုနှင့် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ စားအုန်းဆီ ဝယ်လိုအားပိုမိုမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝဒီဇယ်ဆီအစီအစဉ်တွင် စားအုန်းဆီပါဝင်မှုအချိုးကို မြှင့်တင်သတ်မှတ်ခဲ့ခြင်း၊ ထိုင်းနိုင်ငံအစိုးရက စားအုန်းဆီကြမ်းတင်ပို့မှုကို ကန့်သတ်တားဆီးလိုက်ခြင်းတို့ကြောင့် ကမ္ဘာ့စားအုန်းဆီဈေးကွက်အပေါ် သက်ရောက်မှုများရှိလာပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၂၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၅-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၇-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၂၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိတပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (ဗဟို) ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် YMBA အသင်းသားများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ တက်ရောက် လာကြသူများက အမျိုးသားအောင်ပွဲနေ့ ဩဝါဒကထာကို နာကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ စည်သူ ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ပြည်ထောင်စုဝန်ကြီး ဇေယျကျော်ထင် စည်သူ ဦးမောင်မောင်အုန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မရှိခဏကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏထံ တိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ စည်သူ ဦးစိုးသိန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နတ်စင်တစ်ရာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာတေဇထံ တိုင်းမှူး ဇေယျကျော်ထင် ဗိုလ်ချုပ် ဇော်ဟိန်းက လည်းကောင်း လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘွဲ့ရလူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ အဘိဓဇ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးရဲထွန်းက ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဘွဲ့ခံဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က ဘွဲ့ရဆရာတော် တစ်ပါးနှင့် လူပုဂ္ဂိုလ်များထံ ဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ အကြောင်းကို ပြောကြားပြီး တာဝန်ရှိသူများက လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များကို ချီးမြှင့်ကြသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ၁၉၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်တွင် (၁၀၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လုပ်ငန်းစဉ်မှာ **“အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါနှင့် YMBA ၏ ဆောင်ပုဒ်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် နိုင်ငံအရေးအတွက် အမြဲအသင့်ရှိနေ YMBA”** ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့ရလူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။

**❖ ရှေ့ဖုံးမှ**


ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၂၇၁ ဒသမ ၇၈ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**❂ မုန်တိုင်းငယ်မှ ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် လူငယ်အားကစားလေ့ကျင့်ရေးကွင်း (မန္တလေး)သို့ သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်းတို့မှ အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်နေသည့်ကာလတွင် ဝီရိယရှေ့ထား၍ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခြေစမ်းပွဲယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက် စသည့်အားကစားနည်း ခြောက်မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၃၅ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။




ယနေ့ပြပွဲတွင် အုပ်စု(စီ)မှကျောက်စိမ်းအတွဲအမှတ် (၂၅၆၀) မှ (၃၃၀၉) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးရာ ကျောက်စိမ်းအတွဲပေါင်း ၇၃၅ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြည်တွင်း ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲနဝမနေ့တွင် ရောင်းချမည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀) မှ အတွဲအမှတ်(၄၀၅၉)အထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများ စာရင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု (အေနှင့်ဘီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ အမှတ်(၂၅၆၀)မှ အတွဲအမှတ် (၃၃၀၉) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက်မှ ၇၃၅ တွဲကို ပြည်တွင်း ရတနာကုန်သည်များကိုလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်အထိ ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်း ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း Indoor Stadium အားကစားလေ့ကျင့်ရေးစခန်း၌ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းတို့ ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက မှန်ကန်သည့် အားကစားစိတ်ဓာတ်ဖြင့် အလေးအနက်ထား ယှဉ်ပြိုင်ပြီး ဝန်ကြီးဌာနအတွက် ထိုက်တန်သည့် အောင်နိုင်မှု ဆုတံဆိပ်များကို ဆွတ်ခူးရရှိရန် ကြိုးပမ်းကြစေလိုပြီး အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး နှစ်ဖက်အသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေများနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ကာ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့်တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။ ထို့နောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

**ဂုဏ်ပြုသီဆိုတင်ဆက်**

ဆက်လက်၍ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်) မှ ကျောင်းသား ကျောင်းသူများက"မြန်မာ့ကျောင်း"သီချင်းဖြင့် ဂုဏ်ပြုသီဆို တင်ဆက်ကြပြီး (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်စာမူများနှင့် ပိုစတာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် မြို့တော်ခန်းမ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**တောင်ကြီး နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားသည်။

ထို့နောက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်း၊ အထက်တန်းဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

■

# မိုင်းဆတ်မြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး မိုင်းဆတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ကြပြီး အထက(မိုင်းဆတ်) ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

# နတ်တော်လခါမီ စာဆိုတော်လရာသီအခါ ရောက်ပြီမို့ ....

စာဖတ်ပရိသတ်တစ်ဦး

နတ်တော်လရာသီသည် မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များတွင် နတ်ပွဲများဖြင့် နတ်တို့ကို ပူဇော်ပသရသော နတ်ပျော်လအဖြစ် ရှေးအခါက သတ်မှတ်ဖော်ပြခဲ့သော်လည်း ရှေးမြန်မာမင်းများလက်ထက်ကပင် ရတု၊ ရကန်၊ ပျို့၊ ကဗျာ၊ ဝတ္ထု၊ မေတ္တာစာ၊ ဆုံးမစာ၊ နီတိစသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုစာပေ အမွေပေးဝေခဲ့ကြသော ရဟန်းစာဆို၊ လူပညာရှိစာဆိုရှင်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ချီးမြှင့် ဂုဏ်ပြုခဲ့ကြရာမှ စာဆိုတော်လရာသီအဖြစ် ပို၍ပေါ်လွင်ထင်ရှားလာခဲ့ပေသည်။

သို့ရာတွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ကိုလိုနီခေတ်အဆက်ဆက် အနန္တသူရိယအမတ်ကြီး၊ စတုရင်္ဂဗလအမတ်ကြီး၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ တောင်ဖီလာဆရာတော်၊ ဆရာတော်ဦးဗုဓ်၊ သင်္ဂဇာဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်စသည်ဖြင့် ရဟန်းပညာရှိ၊ လူပညာရှိစာဆိုရှင်ကြီးများ ထင်ရှားကျော်စောခဲ့ကြပြီးသော်လည်း ဗြိတိသျှနယ်ချဲ့ကိုလိုနီလက်အောက်တွင် မြန်မာစာပေအခန်းကဏ္ဍသည် မြန်မာစာပေအသင်းအဖွဲ့ရယ်ဟူ၍ပင် သတ်သတ်မှတ်မှတ်မရှိခဲ့ပေ။

## ကျမ်းပေါင်း ၅၀၀ ကျော်

၁၉၃၉ ခုနှစ်ကာလတွင် ရာဇဝင်စာအုပ်၊ လူမှုရေးကျမ်း၊ သိပ္ပံဝတ္ထု၊ ခေတ်သရုပ်ဖော်စာပေ စသဖြင့် ကျမ်းပေါင်း ၅၀၀ ကျော်ရေးသားပြုစုခဲ့သော ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာကြီး အိတ်ဂျီဝဲ (H.G. Wells) မြန်မာပြည်သို့ အလည်လာရောက်စဉ် အတွင်း မြန်မာစာရေးဆရာများ ဆုံစည်းမိကြရာမှ စာရေးဆရာများအသင်းဖွဲ့စည်းရန် စိတ်ကူးရလာခဲ့ကြသည်။

ဆရာကြီးအိတ်ဂျီဝဲသည် နိုင်ငံတကာစာရေးဆရာများပါဝင်သည့် PEN CLUB ခေါ် ကမ္ဘာ့ကလောင်အသင်းကြီးကို ဥက္ကဋ္ဌဖြစ်သူ အင်္ဂလိပ်အမျိုးသမီးကြီး အေမီစကော့ (Amy Scott)၊ အင်္ဂလိပ်စာရေးဆရာကြီး ဂျွန်ဂါးဝါသီ(John Galsworthy) တို့နှင့်အတူ စတင်မြေတောင်မြှောက်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။

ဆရာကြီးအိတ်ဂျီဝဲ မြန်မာပြည်လာရောက်ချိန်တွင် မြန်မာစာရေးဆရာများက ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းတွင် လက်ဖက်ရည်ပွဲနှင့် ညှော့ခံဂုဏ်ပြုခဲ့ကြသည်။ အဆိုပါ ညှော့ခံပွဲတွင်မှ မြန်မာစာရေးဆရာများကို အစုလိုက်၊ အပြုံလိုက် စုံစုံညီညီ စတင်မြင်တွေ့ခဲ့ကြရခြင်းဖြစ်သည်။ သတင်းစာဆရာကြီး အိုးဝေညိုမြက **"ဆရာကြီးဝဲအတွက် သင့်လျော်တဲ့ ညှော့ခံပွဲတစ်ခုလုပ်ဖို့ ကျွန်တော်လည်း တက္ကသိုလ်ကလောင်ပေါက်စများဖြစ်တဲ့ တက်တိုး၊ စိုးလှ၊ အာယု၊ ထင်ကြီး၊ ခင်လေးမောင်တို့နှင့် စိုင်းပြင်းပြီး မြန်မာစာရေးဆရာများကိုဖိတ်ခေါ်ရပါတယ်။ အဲဒီတုန်းက ဆန်းကဖီးမှ လက်ဖက်ရည်ပွဲမှာယူရတာ လွယ်ကူပါတယ်။ ခက်တာက မြန်မာစာရေးဆရာများကို ရန်ကုန်မြို့ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားမှာ ပိုက်စိပ်တိုက်ရှာဖွေရခြင်းဖြစ်ပါတယ်။ တချို့ကလည်း ခြေသလုံးအိမ်တိုင်စာရေးဆရာများပေမို့ ကျွန်တော်တို့အဖွဲ့မှာ လူဆိုးဖမ်းရတာထက် ပင်ပန်းခဲ့ရပါတယ်။ နောက်ဆုံးမှာ အတော်စုံစုံလင်လင်လေး ဖြစ်သွားလို့ ကျေနပ်မိပါတယ်။ မြန်မာ့သမိုင်းမှာ စာရေးဆရာအများဆုံး စတင်ဆုံတွေ့ကြတဲ့ ပွဲပေပဲ"**ဟူ၍ ပြန်ပြောင်းမှတ်တမ်းတင် ရေးသားခဲ့ပါသည်။

ဆရာကြီးညိုမြရေးသားသည့် ဆိုခဲ့ပါ **"ကလောင်သမိုင်း"**ဟူသည့် ဆောင်းပါးမှာ မှတ်သားဖွယ်ရာ သမိုင်းမှတ်တမ်းအချို့လည်း ပါဝင်ပါသည်။ ဆရာကြီးအိတ်ဂျီဝဲ ညှော့ခံပွဲသို့ တက်ရောက်ရန် မြန်မာစာရေးဆရာကြီးပီမိုးနင်းကို ဆရာကြီးရန်အောင်က သွားရောက်ဖိတ်ခေါ်ရာ ဆရာကြီးပီမိုးနင်းက **"ကမ္ဘာကျော်သည့်၊ ကလောင်မော် အိတ်ဂျီဝဲ၊ ထိုသည့်ပွဲတွင်၊ မျက်နှာမွဲစရာ၊ မတက်ရောက်လိုပါ"**ဟု ပြောကြားခဲ့သည် ဟုဆိုသည်။

> **"လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်တွင်လည်း နိုင်ငံတော်အစိုးရက စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်၊ စာအုပ်မျိုးစုံသည် လူသားများ၏ခေတ်ကြေးမုံ၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေ၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသည်၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကအခြေခံဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများက အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးသည် စသည်ဖြင့် အလေးအနက်ခံယူပြီး စာပေဝါသနာကြီးသူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာစာပေယဉ်ကျေးမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးသာမက စာပေပညာရှင်ကြီးများနှင့် မြန်မာစာပေလောကသားများကိုလည်း ထိုက်ထိုက်တန်တန် အားပေးချီးမြှောက်ခဲ့"**

ထိုစဉ်က သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း (ဗိုလ်ချုပ်) ခမျာမှာလည်း ဖိတ်စာမရခဲ့ဟု သိရသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဆရာကြီးညိုမြက **"အဲဒီပွဲမှာ ကျွန်တော်က ကိုအောင်ဆန်း(ဗိုလ်ချုပ်)ကို ဖိတ်ဖို့ မေ့လျော့ခဲ့ပါတယ်။ အမှန်ကတော့ သူက သမဂ္ဂဥက္ကဋ္ဌမို့ သူ့ကို နိုင်ငံရေးသမားလို့ ကျွန်တော်က စာရင်းသွင်းထားမိတယ်။ ဒါပေမဲ့ သူက 'ကျွန်တော် အိုးဝေအယ်ဒီတာလုပ်ခဲ့တာကို မေ့ပလား'ဆိုမှ ကျွန်တော် အထူးဝမ်းနည်းမိတယ်။ 'အမယ်လေး ဟုတ်သားပဲ၊ ငါ့နှယ် သေပါတော့ဟာ၊ ဆောရီးပဲဗျာ'လို့ ပြောလိုက်ရပါတယ်။ သူက ဆရာကြီးဝဲ ညှော့ခံပွဲကိုလာပြီး လက်ဖက်ရည်တွေ၊ ကိတ်မုန့်တွေ အများကြီးစားပါတယ်။ ဒါပေတဲ့ ဖိတ်စာမရလို့ ဓာတ်ပုံရိုက်ရာမှာ မပါချင်ဘူးဆိုပြီး ပြန်သွားပါတယ်"**ဟု ပြန်ပြောင်းရေးသားခဲ့ပါသည်။

ထိုစဉ်က သခင်မပေါက်စ ကလောင်ရှင် ဒေါ်ခင်မျိုးချစ်နှင့် စာရေးဆရာအချို့က ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်(ဗိုလ်အောင်ကျော်)ကို နယ်ချဲ့အလိုတော်ရိ ပုလိပ်များက ရိုက်၍သေဆုံးခဲ့ရပုံ၊ ဗြိတိသျှနယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ဆိုးသွမ်းပုံတို့ကို ဆရာကြီးအိတ်ဂျီဝဲထံ မှတ်တမ်းမှတ်ရာများနှင့် တင်ပြခဲ့သည့်အတွက် ဆရာကြီးဝဲကလည်း အင်္ဂလန်ပြန်ရောက်ချိန်တွင် မမေ့မလျော့ဘဲ News Chronicle သတင်းစာတွင် **'မြန်မာပြည်၏ဒုက္ခ(Trouble in Burma)'** ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားပြီး မြန်မာများဘက်မှ တင်ပြပေးခဲ့ပါသည်။

ကမ္ဘာကျော်စာရေးဆရာကြီး အိတ်ဂျီဝဲ ပြန်သွားပြီးနောက် ၁၉၄၀ ပြည့်နှစ်တွင် သတင်းစာဆရာကြီး ဒီးဒုတ်ဦးဘချို (အာဇာနည်ခေါင်းဆောင်ကြီး) ဦးဆောင်၍ စာရေးဆရာများအသင်းကို ထူထောင်ခဲ့ကြသည်။ မူလက **"မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံး"**ဟု ခေါ်တွင်ရာမှ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် **"မြန်မာစာရေးဆရာများအသင်း"** ဟူ၍ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

## စာဆိုတော်နေ့

ထို့အတူ နတ်တော်လဆန်း ၁ ရက်နေ့ကိုလည်း စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် သူကြီးဂေဇက် ဦးခင်မောင်က ဦးဆောင်၍ ဦးအုန်းဖေ(ဆရာတက်တိုး)၊ ဦးတင်ဦး၊ အမြတ်ခွန်မင်းကြီး ဦးယုဆိုင်၊ ကက်သရင်းဒေါ်ခင်ခင်၊ ပညာရေးဝန်ကြီး ဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန် စသော မြန်မာစာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများက ညှိနှိုင်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

စာဆိုတော်နေ့ကို စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် လေးနှစ်အကြာ (၁၉၄၄ ခုနှစ်) တွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မူလက **"ဦးပုည နေ့"**အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် ဆရာတက်တိုးက အင်္ဂလိပ်လူမျိုးများသည် စာပေယဉ်ကျေးမှုကို အမြတ်တနိုးထားပုံနှင့် ထင်ရှားသောစာရေးဆရာကြီး ရှိတ်စပီးယားကို ဂုဏ်ပြုသောအားဖြင့် ရှိတ်စပီးယား၏ မွေးနေ့ဖြစ်သော ဧပြီလ ၂၃ ရက်နေ့ကို ရှိတ်စပီးယားပွဲတော်နေ့အဖြစ် နှစ်စဉ် ကျင်းပခဲ့ပုံများနှင့်စပ်လျဉ်း၍ ပြောဆိုရာမှ မိတ်ဆွေဖြစ်သူ ဦးယုဆိုင်က **"သူတို့က ရှိတ်စပီးယားပွဲတော် လုပ်ကြသလို ကျွန်တော်တို့ကလည်း ဦးပုညနေ့လုပ်ကြတာပေါ့ ဗျာ"**ဟူ၍ စတင်အကြံပြုရာမှ ဦးအုန်းဖေ(ဆရာတက်တိုး)နှင့် အမြတ်ခွန်မင်းကြီး ဦးယုဆိုင်တို့၏ ဆက်လက်ကြိုးပမ်းမှုဖြင့် ဦးပုညပွဲတော်ကျင်းပရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## ဦးပုညနေ့ပွဲတော်

ထို့နောက် ဆရာကြီးစလေဦးပုည၏ မွေးနေ့ဖြစ်သော ကဆုန်လဆန်း ၁၃ ရက်နေ့ကို ဦးပုညနေ့အဖြစ်သတ်မှတ်၍ ၁၃၀၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (၁၉၄၄ ခုနှစ် မေလ ၄ ရက်)နေ့တွင် ပထမဆုံး ဦးပုညနေ့ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုမှတစ်ဖန် ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် အကြံပြုမှုအရ ပညာတံခွန်အသင်းကြီးမှ ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာစာရေးဆရာများအသင်းမှ ပုဂ္ဂိုလ်များက ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့တွင် အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ကျင်းပရန် သတ်မှတ်ဆုံးဖြတ်ခဲ့သဖြင့် စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ပေသည်။

ဤသို့ဖြင့် မြန်မာစာရေးဆရာအသင်းကြီးက မျိုးစေ့ချပေးခဲ့သော စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နောက်ပိုင်းကာလများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေဆုနှင်းသဘင်ပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲများစသည်ဖြင့် စာပေလောကနှင့်ဆက်စပ်သည့် အခမ်းအနားများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြသည်။

မြန်မာစာရေးဆရာ အသင်းကြီးကလည်း စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ ယခုနှစ်တွင် ပူဇော်ကန်တော့ခံ အသက် ၈၀ နှင့် ၈၀ အထက် သက်ကြီးစာပေပညာရှင် ၂၇၆ ဦးရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင်ပွဲများ ဆင်ယင်ကျင်းပကာ စာပေဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစတင်၍ စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုအဖြစ် စတင်ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု၊ ထိုမှတစ်ဆင့် အမျိုးသားစာပေဆုအမည်ဖြင့် စာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြန်ပါသည်။ ထိုမှတစ်ဖန် ယခုကာလတိုင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအဖြစ်သို့ တိုးတက်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အမျိုးသားစာပေတစ်သက်တာဆုကို မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့ကြသော စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ၂၀၀၁ ခုနှစ်မှစတင်၍ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ **ယခုနှစ်သည် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်အပ်နှင်းမည့်နှစ်ဖြစ်သည့်အတွက် ကြုံတောင့်ကြုံခိုက် အခါသမယဖြစ်သည်ဟု တင်စားချင်ပါသည်။**

## စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်တွင်လည်း နိုင်ငံတော်အစိုးရက စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်၊ စာအုပ်မျိုးစုံသည် လူသားများ၏ခေတ်ကြေးမုံ၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေ၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ စာပေသည်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသည်၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ **စာမျက်နှာ ၇ သို့** ○

# မွန်ပြည်နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်ဖြစ်သည့် "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့" ဆောင်ပုဒ်နှင့်အညီ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဓာတိမာန်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# မန္တလေးမြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

**ဖတ်ကြား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဖတ်ကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ၌ ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုသီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။ ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊




လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပျော်ပွဲရွှင်ပွဲကစားပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၆ မှ

ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကအခြေခံဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများက အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးသည် စသည်ဖြင့် အလေးအနက်ခံယူပြီး စာပေဝါသနာကြီးသူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာစာပေယဉ်ကျေးမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးသာမက စာပေပညာရှင်ကြီးများနှင့် မြန်မာစာပေလောကသားများကိုလည်း ထိုက်ထိုက်တန်တန်အားပေးချီးမြှောက်ခဲ့ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်မှ ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ် ဧပြီလတွင် ရှစ်ဦးနှင့် ၂၀၂၂ ခုနှစ်နိုဝင်ဘာလ ၁၇ ရက်နေ့၌ကျရောက်ခဲ့သော အမျိုးသားအောင်ပွဲနေ့တွင် ခုနစ်ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးချွန်ကောင်းမွန်စွာ တတ်မြောက်သူများအား ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်မှစ၍ ယနေ့ မျက်မှောက်ကာလအထိ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၆၄ ဦးတို့အနက် အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရ ဆရာကြီး ဆရာမကြီး ၁၉ ဦး ပါဝင်ကြောင်း သိရသည်။**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်ခဲ့ရာ ၂၀၂၂ ခုနှစ်ကကျင်းပသော ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားတွင် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင်ဆရာကြီး ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)၊ စာပေပညာရှင်ဆရာကြီး ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာမျိုးသန့်တင်နှင့် စာပေပညာရှင်ဆရာမကြီး ဒေါက်တာဒေါ်တင်တင်ဝင်း (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)တို့ လေးဦးကို ရွေးချယ်၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်က ကျင်းပသော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင်အခမ်းအနားတွင်လည်း အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)၊ စာပေပညာရှင် ဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း) နှင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)တို့ လေးဦးကို ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

**၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနွယ်နှာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း (သမိုင်း)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ ခြောက်ဦးအား ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း ၂၁-၁၁-၂၀၂၄ ရက်နေ့တွင် ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ စာပေပညာရှင်ကြီးများအား ၁-၁၂-၂၀၂၄ ရက်နေ့တွင် ကျင်းပမည့် (၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု ချီးမြှင့်ပွဲတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။**

၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုအတွက် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၆၆ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ကိုးမျိုး၊ စာပေဗိမာန်စာမူတွင် ပြိုင်ပွဲဝင် စာမူ ၂၆၂ စောင်အနက် ဘာသာရပ် ၁၄ ခုထဲမှ ဆုချီးမြှင့်ရန် ထိုက်တန်သည့်စာမူပေါင်း ၂၈ ခုကို စိစစ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုအတွက် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက်သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုး၊ စာပေဗိမာန်စာမူဆုအတွက် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုအနက် စာမူပေါင်း ၂၉ ခုကို စိစစ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အနုပညာနယ်ပယ်အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် **"အနုပညာဗဟိုဌာနအဆောက်အဦ (Art Centre)"** နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်အတွက် **"စာဆိုဗိမာန်"** ကိုလည်း စီစဉ်တည်ဆောက်လျက်ရှိသည်။

စာဆိုဗိမာန်ကို နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကေ ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။

စာဆိုဗိမာန်ကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ ပေပုရပိုက်များ၊ သမိုင်းဝင်ကဗျာများ၊ စာပေဆုရစာအုပ်စာပေများ၊ မြန်မာနိုင်ငံ၌ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရ စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ပြခန်းများကို ကဏ္ဍအလိုက် ထည့်သွင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာဆိုဗိမာန်ကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို နှစ်နှစ်ကာလ သတ်မှတ်ထားသည်။

အမျိုးသားယဉ်ကျေးမှု စာပေအမွေကို လက်ဆင့်ကမ်းပေးခဲ့ကြသော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဇာတိသွေး ဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓမ္မရေးရာများကို သုံးသပ်ဆင်ခြင်နိုင်စေရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ပေးခဲ့ကြသော စာဆိုပညာရှင်ကြီးများကို နိုင်ငံတော်က ထိုကဲ့သို့အားပေးချီးမြှောက် ဂုဏ်ပြုခဲ့သည့်နည်းတူ ကျွန်ုပ်တို့စာဖတ်ပရိသတ် မြန်မာပြည်သူအပေါင်းကလည်း စာပေကျေးဇူးတင်ရှိဖူးသည့် ခေတ်အဆက်ဆက် စာဆိုတော်ကြီးများနှင့် နိုင်ငံအကျိုးပြုစာပေပညာရှင်ကြီးများကို နတ်တော်လခါမီ စာဆိုတော်လရာသီအခါသမယတွင် မမေ့မလျော့ဘဲ ဂါရဝတရားရှေ့ထား၍ လေးမြတ်ကော်ရော် ဦးခိုက်ပူဇော်ကြပါစို့။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**မုံရွာ နိုဝင်ဘာ ၂၅**

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ဦးစွာ ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာများက မူလတန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် Grade- 5 / 6 / 7 အင်္ဂလိပ်၊ သင်္ချာဘာသာရပ်များတွင် ထူးချွန်ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို



ပေးအပ်ကြသည်။

ဆက်လက်၍ ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"တေးသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၅**

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ပဲခူးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက "အမျိုးသားနေ့ မမေ့ရင်မှာ အစဉ်အလာ" သီချင်းနှင့် "မြန်မာ့ကျောင်း" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီ က အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖတ်ကြားသည်။ ဆက်လက်၍ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



# 2024 December JLPT စာမေးပွဲအတွက် အမည်၊ မွေးသက္ကရာဇ် ပြင်ဆင်လိုသူများအနေဖြင့် စာဖြေသူကိုယ်တိုင် သွားရောက်ပြင်ဆင်နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

2024 December JLPT စာမေးပွဲအတွက် အမည်၊ မွေးသက္ကရာဇ်နှင့် ကျား/မ အမှားပြင်ဆင်လိုသူများနှင့်ပတ်သက်၍ အမည်၊ မွေးသက္ကရာဇ်ပြင်ဆင်လိုသူများအနေဖြင့် ဒီဇင်ဘာ ၁ ရက် စာမေးပွဲ




ဖြေဆိုသည့်နေ့ စာမေးပွဲ section အားလုံးဖြေပြီးချိန်တွင် ဖြေဆိုရမည့် Test Site ရှိ Office မှ သတ်မှတ်ထားသောနေရာတွင် စာဖြေသူကိုယ်တိုင် သွားရောက်ပြင်ဆင်ရမည်ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းက အသိပေးထားသည်။

လိုအပ်သည့်အချက်များအနေဖြင့် Test Voucher မူရင်း၊ သက်သေခံကတ်ပြားမူရင်း (Passport, Driving License ကားလိုင်စင်အမျိုးအစား B၊ C၊ D၊ E၊ နိုင်ငံသားသက်သေခံကတ်)စာမေးပွဲနေ့ ပြင်ဆင်ရန်သတ်မှတ်ထားသည့်ရုံးခန်းတွင် နမူနာဇယားပုံစံအတိုင်း ဖြည့်သွင်း၍ ပြင်ဆင်လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမှားပြင်ဆင်သည့်ဖောင်တွင် အချက်အလက်များအားလုံးကို စာဖြေသူကိုယ်တိုင် ဖြည့်သွင်းရေးသားရမည်ဖြစ်ပြီး အမည်နှင့် မွေးသက္ကရာဇ်အနက်မှ တစ်မျိုးသာလျှင် ပြင်ဆင်ခွင့်ရှိပါသည်။ သက်သေခံကတ်နှင့် Test Voucher တွင်ပါရှိသည့် အမည်၊ မွေးသက္ကရာဇ်များ လုံးဝကွဲလွဲနေပါက ပြင်ဆင်ခွင့်မရနိုင်ကြောင်း၊ အမှားပြင်ဆင်လိုသူသည် အမည်စာလုံးပေါင်းမှားယွင်းမှုမရှိစေရန် Passport၊ ဘွဲ့လက်မှတ်များတွင် အသုံးပြုသည့်အတိုင်း သေချာစွာဖြည့်သွင်းပေးရန် ဖော်ပြထားသည်။

ထို့အတူအမှားပြင်ဆင်ခြင်းအား စာမေးပွဲဖြေဆိုသည့်နေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင်သာ လက်ခံမည်ဖြစ်ပြီး အောင်လက်မှတ်ထွက်ရှိမည့်ကာလအထိ အမှားပြင်ဆင်ခြင်းလျှောက်ထားမှုကို လက်မခံကြောင်း ပါရှိသည်။

အောင်လက်မှတ်ထွက်ရှိပြီးနောက်ပိုင်းမှ အမှားပြင်ဆင်ရန် လျှောက်ထားသူများသည် ပြင်ဆင်ခြင်းအတွက် နှစ်လမှ ခြောက်လအထိကြာမြင့်မည်ဖြစ်ပြီး အမှားပြင်ဆင်ခြင်းလျှောက်ထားသူဦးရေများပြားသည့်အပေါ်တွင် မူတည်၍ ပိုမိုကြာမြင့်ခြင်းရှိနိုင်ကြောင်း ကြိုတင်အသိပေးအပ်ကြောင်းနှင့် အောင်လက်မှတ်တစ်ခုကို တစ်ကြိမ်သာပြန်လည်ပြင်ဆင်ရန် လျှောက်ထားနိုင်ပြီး လျှောက်ထားသည့်အခါတွင်လည်း စာမေးပွဲနေ့မှစတင်၍ တစ်နှစ်အတွင်းအကျုံးဝင်သော အောင်လက်မှတ်များသာ ပြင်ဆင်ခွင့်ရှိပါသဖြင့် မိမိပြင်ဆင်လိုသည်အား သေချာစွာစစ်ဆေးလျှောက်ထားရန် လိုအပ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက အသိပေးထားသည်။ **MT**

# ဧရာဝတီတိုင်းဒေသကြီး၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၅**

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ပုသိမ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဒုတိယဆုရရှိသူများအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် တတိယဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီး၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မကွေး နိုဝင်ဘာ ၂၅**

မကွေးမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းတိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်ချုပ် သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန် တေးသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဖတ်ကြားသည်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့်စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။

**မောင်ညီညာ**

# တနင်္သာရီတိုင်းဒေသကြီး၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၅**

ယနေ့တွင် ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

**ဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဟင်္သာတမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

**ဟင်္သာတ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (ယခင်အမျိုးသားအထက်တန်းကျောင်း) အမျိုးသားခန်းမ၌ (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ



ကျိုက်ထိုမြို့နယ် မြို့နယ်(ပြန်/ဆက်)



မြိတ်မြို့ ခိုင်ထူး(ပြန်/ဆက်)



အရာတော်မြို့ ခရိုင်(ပြန်/ဆက်)



ပုသိမ်ကြီးမြို့နယ် မြို့နယ်(ပြန်/ဆက်)



ပြည်မြို့ ကိုဆက်(ပြန်/ဆက်)



ညောင်ဦးမြို့ ဒီပါလင်း



ရပ်စောက်မြို့နယ် မြို့နယ်(ပြန်/ဆက်)



ညောင်ရွှေမြို့ နေမျိုးသူရိန်

## ရေးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရေး နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ရေးမြို့နယ်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက (၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (၁) ကျောင်းသားကျောင်းသူလေးများက ဓာတိမာန် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးစန်းမင်းက ဖတ်ကြားသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မူဆယ်မြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

မူဆယ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အထက(၂) ကျောင်းခန်းမ၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ဦးစွာ မူဆယ်မြို့ အထက(၁) ကျောင်းသား ကျောင်းသူများက ဓာတိမာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ဖတ်ကြားသည်။ ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပြီး အထက(၂) ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ ချယ်ရီမြေ(မူဆယ်)

## ကန်ကြီးထောင့်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ




ကန်ကြီးထောင့် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) ရပ်ကွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ဖတ်ကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

## မြဝတီမြို့၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ




မြဝတီ နိုဝင်ဘာ ၂၅

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဓာတိမာန်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားသည်။

ဆက်လက်၍ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်တို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)



## ပေါင်းတည်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ပေါင်းတည် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း(ပေါင်းတည်) ပညာရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက ဓာတိမာန်သီချင်းကို သံပြိုင်သီဆိုဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄ )နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားသည်။

ယင်းနောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)

## မုဒုံမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မုဒုံ နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဓာတိမာန်" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သဝဏ်လွှာအား မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့်သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




## လှိုင်ကော်မြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လှိုင်ကော် နိုဝင်ဘာ ၂၅

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လောဝမ္မ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် စီးပွားရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




## မုဒုံမြို့နယ်၌ နဝမအကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



မုဒုံ နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ်၌ နဝမအကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြို့မ (၂) ရပ်ကွက်ရှိ လေးထပ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဂျုံးဂျုံးဂျ ဆရာတော် ဘဒ္ဒန္တ ကိတ္တိဝဏ္ဏထံမှ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဌေး၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြီးကြပ်ဆရာတော်ကြီးများအား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဓမ္မစကြာ ၁၆ သင်း၊ ပဋ္ဌာန်းဒေသနာတော် ၁၀ သင်းဖြင့် လေးရက်ကြာ ရွတ်ဆိုပူဇော် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ဝတ်ရွတ်အသင်းများအား ဆရာတော်ကြီးများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသည့် အားကစားပြိုင်ပွဲဝင်များ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်းသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး /ပြည်နယ်များမှ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် နေပြည်တော် တည်းခိုရေးစခန်းသို့ ရောက်ရှိနေသည့် အားကစားသမားများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



### ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသည့်ဆေးခန်း၊ ကျန်းမာရေးဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်ထားရှိမှု၊ တိုင်းရင်းဆေးခန်းဖွင့်လှစ်မည့် အခြေအနေတို့ကို ကြည့်ရှု၍ ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ထားရန်၊ လိုအပ်ပါက လူနာများ လွှဲပြောင်းနိုင်ရေးအတွက် လူနာတင်ယာဉ်များ ထားရှိရန်၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် မှာကြားသည်။

ယင်းနောက် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် တည်းခိုရေး စခန်းအတွင်းရှိ ရေကန်များကို ကလိုရင်းခတ်ခြင်း၊ အားကစားအဖွဲ့များအား သန့်လေးသန့်အကြောင်း ကျန်းမာရေး အသိပညာပေးခြင်း၊ သောက်သုံးရေများ ရေသန့်ဆေးပြားများခတ်ခြင်း၊ အိမ်သာများ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ထားရှိမှုများ၊ ထမင်းစားဆောင်များ၊ စားဖိုဆောင်နှင့် သက်သာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အစားအသောက် ပြင်ဆင်ချက်ပြုတ် ကျွေးမွေးမှုများ သန့်ရှင်းမှုရှိစေရေးအတွက် နေ့စဉ်အလေးထား ဆောင်ရွက်ရန် မှာကြားကာ လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များကို ကျန်းမာရေးဝန်ကြီးဌာနအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ စုဖွဲ့ထားရှိပြီး အရေးပေါ်ကုသမှုဆေးပညာအထူးကု ဆရာဝန်များ၊ အရိုးအထူးကု ဆရာဝန်များ၊ အကြောအဆစ် အထူးကု ဆရာဝန်များပါ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အားကစားသမားများ တားမြစ်ဆေးသုံးစွဲမှု စစ်ဆေးရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖြူးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ဖြူး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားကို Grade-10 ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အစ္စရေး၏ တိုက်ခိုက်မှုများကို တွန်းလှန်ရန် အာရပ်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်မည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ကူဝိတ်စီးတီး နိုဝင်ဘာ ၂၅

အစ္စရေးတပ်ဖွဲ့များ၏ အာရပ်နိုင်ငံများအား တိုက်ခိုက်မှုများကို တွန်းလှန်ချေမှုန်းရန်အတွက် အီဂျစ်နိုင်ငံသည် အာရပ်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီက နိုဝင်ဘာ ၂၄ ရက်တွင် ကူဝိတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲကြီးတစ်ခုဖြစ်ပွားလာမည့်အရေးကို စိုးရိမ်ပူပန်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးများ ထိခိုက်သေဆုံးနေရခြင်းအပေါ် နှုတ်ဆိတ်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း ၎င်းက ဝေဖန်ပြောကြားခဲ့သည်။ ပါလက်စတိုင်းများအတွက် တရားဝင် ရသင့်ရထိုက်သည့် အခွင့်အရေးများကို ပေးအပ်ရန်နှင့် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဒေသတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းရေးကို ထိခိုက်စေသောကြောင့် ၎င်းတိုက်ခိုက်မှုများ ရပ်တန့်ရေးအတွက် အီဂျစ်နိုင်ငံက နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ သင့်လျော်သည့် အားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေသဖြင့် ကမ္ဘာ့ရေကြောင်း ကုန်သွယ်ရေးတွင် စူးအက်တူးမြောင်းမှ ရရှိသည့်ဝင်ငွေများ လျော့နည်းလာပြီး ရေကြောင်းကုန်သွယ်ရေးကဏ္ဍကို ထိခိုက်စေခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် ဂါဇာဒေသနှင့် လက်ဘနွန်နိုင်ငံရှိ တင်းမာမှုများကြောင့် ပင်လယ်နီတွင် တိုက်ခိုက်မှုများ အများအပြားဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးကိုသာမက အီဂျစ်နိုင်ငံ၏ စီးပွားရေးကိုပါ ထိခိုက်စေခဲ့ကြောင်း ၎င်းကပြောသည်။ လက်ရှိအချိန်တွင် အီဂျစ်နိုင်ငံသည် ကူဝိတ်နိုင်ငံနှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ၎င်းက ပြောကြားသည်။



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီ

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဖီဂျီနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဖီဂျီနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်စည်ပြပွဲ ကျင်းပ

ဆူဗာ နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် ဖီဂျီနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၂၄ ရက်က ဖီဂျီနိုင်ငံ ဆူဗာမြို့၌ ကျင်းပခဲ့ရာ တရုတ်နိုင်ငံနှင့် ဖီဂျီနိုင်ငံတို့မှ လုပ်ငန်းများအတွက် အောင်မြင်စွာပေါင်းစည်းပေးနိုင်မည့် ပူးပေါင်းဆောင်ရွက်ရေးစကြိုတစ်ခုကို ယင်းကုန်စည်ပြပွဲတွင် တည်ထောင်နိုင်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။




အဆိုပါပြပွဲတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၃၀ ကျော်က အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ကားလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စက်ကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများဆိုင်ရာနည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် မှိုစိုက်ပျိုးသည့် နည်းပညာကိုလည်း ပြသနိုင်ခဲ့သည်။

ပြပွဲလာရောက်ကြည့်ရှုသည့် ဖီဂျီနိုင်ငံသားတစ်ဦးက မိမိနေထိုင်ရာကျေးရွာတွင် လွန်ခဲ့သည့် ခြောက်နှစ်ခန့်က တရုတ်နိုင်ငံမှ ပညာရှင်များလာရောက်ပြီး မှိုစိုက်ပျိုးသည့်နည်းပညာကို သင်ကြားပြသပေးခဲ့သည့်အတွက် မိမိနှင့်အတူ ကျေးရွာသားများ အမြတ်အစွန်းနှင့် အကျိုးကျေးဇူးများစွာရရှိခဲ့သည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယခုကျင်းပသည့် ပြပွဲသည် တရုတ်နိုင်ငံမှ ခေတ်မီနည်းပညာများကို ဖီဂျီနိုင်ငံသားများအတွက် ဖြန့်ဖြူးပေးသည့်ပွဲဖြစ်သည့်အတွက် ဖီဂျီနိုင်ငံသားများနှင့် ဖီဂျီနိုင်ငံမှ လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေခဲ့ကြောင်း ဖီဂျီနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇေါင်ကျင်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ အက်ပလီကေးရှင်း တည်ထောင်

ဖနောင်ပင် နိုဝင်ဘာ ၂၅

ကမ္ဘောဒီးယားနိုင်ငံ၌ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အက်ပလီကေးရှင်းဖြစ်သည့် "GBV Safe App" အက်ပလီကေးရှင်းအား ကမ္ဘောဒီးယား အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ ရက်တွင် မိုဘိုင်းဖုန်းများ၌ စတင်အသုံးပြုခဲ့ကြောင်း သိရသည်။




ထို့ပြင် အကြမ်းဖက်မှုတွေ့ကြုံခဲ့ရသည့် အမျိုးသမီးများအတွက်လည်း လိုအပ်သည့်သတင်းအချက်အလက်နှင့် စောင့်ရှောက်ထောက်ပံ့မှုများကို ရရှိနိုင်သည့် ယခု အက်ပလီကေးရှင်း တည်ထောင်ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးပါသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့က ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများမှ ကာကွယ်ရေးအတွက် ၎င်းအက်ပလီကေးရှင်းတွင် အရေးပေါ် ဖုန်းနံပါတ်များ၊ ဥပဒေရေးရာအရ အကာအကွယ်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ကွန်ရက်များကို ချိတ်ဆက်ထားသည်။

၎င်းအက်ပလီကေးရှင်းသည် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအတွက် နည်းပညာတိုးမြှင့်ကာ ကြိုးပမ်းဆောင်ရွက်နေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ သက်သေပြချက်တစ်ခုဖြစ်ကြောင်း အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး အင်းကန်သာပက်ဗီက ပြောကြားသည်။

အဆိုပါ အက်ပလီကေးရှင်းသည် အမျိုးသမီးများအား လိုအပ်သည့် သတင်းအချက်အလက်များနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးနိုင်ပြီး လုံခြုံစိတ်ချရ၍ ညီမျှမှုရှိသည့် လူမှုအသိုက်အဝန်းကို တည်ထောင်ရာတွင် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်လာကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရုတ်လျှပ်စစ်ကားများအပေါ် အခွန်စည်းကြပ်ရန် ဆုံးဖြတ်ချက်သည် ဥရောပ စီးပွားရေးအတွက် ဆိုးရွားသော ဆုံးဖြတ်ချက်ဖြစ်

ဘူဒါပက် နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံထုတ် လျှပ်စစ်ကား(EV)များအပေါ် အခွန်စည်းကြပ်ရန် ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် ဥရောပစီးပွားရေးအတွက် ဆိုးရွားသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာရှစ်ဂျာတိုက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ပြောကြား

ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုကောင်းမွန်ပြီး တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်သင့်ကြောင်း ပီတာရှစ်ဂျာတိုက ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ၎င်းအနေဖြင့် ထောက်ခံကြောင်းလည်း ဆက်လက်ပြောကြားသည်။

ဥရောပသမဂ္ဂသည် တရုတ်လျှပ်စစ်ကားများကို အနည်းဆုံးငါးနှစ်ကြာ အခွန် ၄၅ ဒသမ ၃ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်ရန် အငြင်းပွားဖွယ် ဆုံးဖြတ်ချက်ကို အောက်တိုဘာ ၂၉ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ ရဲတပ်ဖွဲ့တွင် ဆိုက်ဘာကျွမ်းကျင်သူများ ခန့်အပ်မည်

တိုကျို နိုဝင်ဘာ ၂၅

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုက်ဘာမှုခင်းများ ဖြစ်ပွားမှုများပြားလာသည့်အတွက် အရပ်သားကွန်ပျူတာကျွမ်းကျင်သူများအား ယာယီရဲတပ်ဖွဲ့ဝင် အရာရှိများအဖြစ် ငှားရမ်းရန် တိုကျိုရဲတပ်ဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

၎င်းတို့အား ၂၀၂၅ ခုနှစ် ဧပြီလမှစတင်၍ နှစ်နှစ်ခန့်အပ်တာဝန်ပေးမည်ဟု သိရသည်။ ကွန်ပျူတာဒေတာထိန်းသိမ်းစီမံခန့်ခွဲခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိသူဖြစ်ရမည်ဖြစ်ပြီး ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သည့်လုပ်ငန်းတွင် အနည်းဆုံး လုပ်သက် ၁၀ နှစ်ရှိသူဖြစ်ရမည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့သော အရပ်သားဝန်ထမ်းများအား ဆိုက်ဘာလုံခြုံရေးဆိုင်ရာကဏ္ဍတွင် လူသစ်စုဆောင်းတာဝန်ပေးအပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း တိုကျိုမြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့ ရဲတပ်ဖွဲ့၏ ဆိုက်ဘာလုံခြုံရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်ခြင်းဖြင့် မှုခင်းစစ်ဆေးခြင်းကဲ့သို့သော လုပ်ငန်းအတွေ့အကြုံများကို ရရှိနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား –အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၀၇၁၂၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck လေးစီး၊ Hino Profia Truck နှစ်စီး၊ Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

နိုဝင်ဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၀၇၁၂၇၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၅ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၇)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် မဟာသီရိလမ်းထောင့်တွင် ချမ်းငြိမ်းဇော်(ခ)ဖိုးသား မောင်းနှင်ပြီး တိုးပိုင်၊ မောင်မောင်အေးနှင့် မျိုးဝင်း(ခ)အောင်ကိုလတ်တို့ လိုက်ပါလာသည့် Honda Fit အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌



ခိုင်သီတာဝင်း(ခ)သီတာအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ပူးပေါင်း ပါဝင်သူများဖြစ်သည့် ကိုနိုင်(ခ) ဇော်မင်းအောင်အား နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁)ရပ်ကွက်တွင်လည်းကောင်း၊ ရာဇာဖြိုး(ခ)ပခူးညီအား နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီတွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်တွင် လည်းကောင်း၊ ဌေးဌေးစိန်အား နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၉) ရပ်ကွက်တွင် လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် သုဓမ္မာလမ်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ ခိုင်သီတာဝင်း(ခ)သီတာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၁-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ပညာသိုက်သို့ညွှန်ပြဆိုက်ဆိုက်စာကြည့်တိုက်
**၀၉:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၄၀** Sports Diary
**၁၀:၃၀** မြစ်ကျဉ်းသုံးသွယ် အသွင်သစ်(အိပ်မက်) (အပိုင်း-၇)
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၃)
**၁၃:၃၀** MRTV National News
**၁၅:၀၀** မျိုးဗီဇတင့်စေဆိုကရေးတီးအဖွေ့
**၁၅:၃၀** Weekly MNL Review
**၁၆:၃၅** မြန်မာနိုင်ငံစီးပွားရေးပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ်ဆရာမကြီး ဒေါက်တာခင်စန်းမြင့်နှင့်တွေ့ဆုံမေးမြန်းခြင်း
**၁၇:၀၅** မြန်မာနိုင်ငံစီးပွားရေးပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ်ဆရာမကြီး ဒေါက်တာတင်လှကြည်နှင့်တွေ့ဆုံမေးမြန်းခြင်း
**၁၇:၃၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၈:၃၀** မြစ်ကျဉ်းသုံးသွယ်အသွင်သစ်(ရေကာတာ) (အပိုင်း-၁)
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၁၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၂၁:၂၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း" (အပိုင်း-၃၀)
**၂၂:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

**07:01** Evergreen Classic: An Da Yel Kin (Htar)
**07:11** The Art of Taxidermy: U Myo Naing
**07:24** The Mandolinist
**07:50** Tastes of Home Land: Sour and Spicy Crab
**08:01** News
**08:26** Topics Potpourri; Redefining Sustainable Dining with Insect Cuisine
**08:33** Reconservation Thatbyinnyu Temple
**08:49** Zadetgyi Island
**09:01** Topical Science Topics (Current Life Expectancy and Longevity)
**09:27** Listening Pleasure, Instrumental Music (Don Min) Pa Pa Win Win
**09:36** Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
**10:01** News

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
မို့ကပ်ထောင်း
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာနေ (ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ)
**ဝကေကကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မာလကာသီးမှပေးသောသင်ခန်းစာ
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ချိုအီမွှေးတဲ့ကောက်ညှင်းကျည်တောက်
**ချင်း (လိုင်းဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
တိရစ္ဆာန်အခေါ်အဝေါ်များ(အပိုင်း-၂)
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
သဘာဝလက်ဆောင်မွှန် အင်းရဲကျွန်း
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၅** နိုင်ငံတကာစီးပွားရေးသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၄၅** Save Our Planet Program
**၁၀:၄၅** အသိပညာနှင့်အမှန်တရား
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၁၅** Festivals Around The World
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "ရုရှားနိုင်ငံ"
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တနာတတ်သူတာဝန်ယူ"
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း"
**၁၀:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ဂျပန်နိုင်ငံ"
**၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၃)

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၃၀** နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးစို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၀:၃၅** Refreshing Taste of Mushrooms with Red Cap and White Stem
**၁၉:၂၀** A Day In the Life of A Cattle Farmer
**၁၉:၄၅** International Music Hits
**၂၀:၀၀** ချွန်စက်(ဇာတ်လမ်း)
**၂၂:၀၀** Way Back Home (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၁၇:၀၀** အားကစားသတင်း
**၁၈:၀၀** E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်ရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြ သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကျင်းပ




ဟိုပုံး နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇/၂၀၂၄)သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအား နိုဝင်ဘာ ၂၄ ရက်က တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းတွင် ကြိုဆိုခဲ့ကြသည်။

**လှိုက်လှဲစွာကြိုဆို**

ထိုသို့ကြိုဆိုရာတွင် ဟိုပုံးတပ်နယ်မှူးနှင့် အရာရှိကြီးများ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇/၂၀၂၄) သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအား အောင်သပြေများဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘုရင့်နောင်ခန်းမတွင် ဟိုပုံးတပ်နယ်မှူးက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၇/၂၀၂၄)သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို နိုဝင်ဘာ ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး အများပြည်သူ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ငဖဲမြို့နယ် ဘုံးဘောကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများစုဖွဲ့ ရောက်ရှိနေကြောင်း မြေပြင်သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ ဘုံးဘော ကျေးရွာအတွင်းမှ အကြမ်းဖက် သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ နေအိမ်များကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့၌ YSR -1 မိုးစပါးမျိုး စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပံသုရတနာကျော်ကုမ္ပဏီက ထုတ်လုပ်သော ပြည့်လျှံသဘာဝမြေဩဇာနှင့် ပူးပေါင်းဆောင်ရွက်သည့် YSR -1 မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက အင်ဘက်ကုန်းကျေးရွာ စနစ်တကျလယ်မြေ တောင်သူဦးဖိုးပြုံး၏ စပါးစိုက်ခင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက သီးနှံထွက်ရှိမှုများ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က စပါးမျိုးစေ့များအကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အလုပ်အမှုဆောင်တာဝန်ခံ ဦးမင်းဟန်က ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ ပံသုရတနာကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာဝင်းကျော်နှင့် တာဝန်ရှိသူများက ပြည့်လျှံမြေဆီလွှာ အာဟာရဖြည့်သဘာဝမြေဩဇာထုတ်လုပ်မှုအဆင့်ဆင့်များ၊ သီးနှံများရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

တင်စိုးလွင် (ပြန်/ဆက်)



# သာယာဝတီမြို့နယ်၌ သမဝါယမအသင်းသားများသို့ ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်

သာယာဝတီ နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုလီမိတက်တို့က နေကြာမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ပွဲကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



အဆိုပါပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဆန်းဟိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်း၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်နှင့် သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးချစ်ဟန်တို့က နေကြာစိုက် သမဝါယမအသင်းသား တောင်သူများသို့ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ရေဆင်းစပ်မျိုးနေကြာ(၁)၊ MPE ဓာတ်မြေဩဇာနှင့် သွင်းအားစုများကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆီထွက်သီးနှံ စီမံကိန်းအတွက် သာယာဝတီမြို့နယ်ရှိ အခြေခံသမဝါယမအသင်းသုံးသင်းမှ အသင်းသား တောင်သူ ၅၉ ဦး၏ စိုက်ပျိုးမြေဧက ၃၀၀ တွင် ရေဆင်းစပ်မျိုးနေကြာ(၁)ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ဟိန်းထက် (ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်တို့၏ ရင်တွင်းစကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-



မြင်းမူမောင်နိုင်မိုး



ဒေါက်တာတင်ထွန်းဦး



စဆနိုင်

**မြင်းမူမောင်နိုင်မိုး**
**အမျိုးသားစာပေဆု**
**စာပဒေသာ**

ဆုရတဲ့ အမေ့အပြုံးနှင့် အဖေ့မျက်ရည်စာအုပ်လေးနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ဖြတ်ကျော်ခဲ့ရတဲ့အတွေ့အကြုံကို ကဗျာအဖြစ်လည်းရေးခဲ့တယ်၊ ဝတ္ထုဆောင်းပါးအဖြစ်လည်း ရေးခဲ့တယ်၊အက်ဆေးပေ့ါလေ စာတမ်းပုံစံရေးခဲ့တယ်၊ ကျွန်တော်တို့ခေတ်က ၁၉၇၇၊ ၁၉၇၈ ခုနှစ်ဆိုတော့ နှစ်ပေါင်း လေးဆယ်ကျော်ငါးဆယ်နီးပါးပေ့ါ အဲဒီထဲက ကျွန်တော်ရေးခဲ့တဲ့ စာတမ်းလေးတွေပေ့ါ၊ တက္ကသိုလ်ကဏ္ဍလေးတွေမှာပါတဲ့ စာတမ်းလေးတွေအပါအဝင် နောက်ထပ်ရေးတဲ့ စာတမ်းလေးတွေကိုလည်း ဒီထဲမှာထည့်ရေးထားတယ်။အမျိုးသားစာပေဆုရဲ့ မူဘောင်အတွင်းမှာတော့ စာပဒေသာဆုနဲ့အကျုံးဝင်တဲ့ အတွက်ကြောင့်မို့လို့ ဆုချီးမြှင့်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

အမေ့ရဲ့ အပြုံးပန်းလေးဟာ သားသမီးတွေအတွက် ဘယ်လောက်ထိ အာဟာရဖြစ်တယ်၊ သားသမီးတွေအတွက် အမေဟာ ဘယ်လောက်အထိ ပင်ပန်းဆင်းရဲခံရတယ်ဆိုပေမယ့် အမေဟာမောတယ်မထင် ပန်းတယ်မထင်ဘဲနဲ့ အမြဲတမ်း အပြုံးပန်းတွေနဲ့ ရွှင်လန်းနေတယ်ဆိုတဲ့ သဘောမျိုးလေးတွေပါတဲ့ အမေကိုယ်စားပြု စာမျိုးရေးခဲ့တယ်။ ကျွန်တော်တို့ အဖေဆိုတာက သားသမီးတွေအပေါ်မှာ ဦးဆောင်ရှာဖွေကျွေးမွေးပြီးတော့ လမ်းကြောင်းအမှန်ကို ပို့ဆောင်ပေးရုံတင်မက အမေတွေလိုဗျစ်တောက်ဗျစ်တောက် ပြောလေ့မရှိဘူး။ ပြီးတော့ အဖေ့ရင်ထဲက ခံစားချက်တွေကို သားသမီးတွေက သိအောင်ဆိုပြီး အဖေကဖွင့်ဆိုလေ့မရှိဘူး၊ အဲဒါကြောင့် အဖေက အမေ့လောက်သားသမီးတွေကို မချစ်ဘူးလို့လည်း တချို့က ထင်ကြတာပေ့ါ။ အဲဒီလို မဟုတ်ပါဘူး အဖေတို့မည်သည်မှာ သားသမီးတွေကို ချစ်တဲ့မေတ္တာနဲ့ သံယောဇဉ်တွေ၊ကြိုးပမ်းအားထုတ်မှုတွေ၊ ကြုံတွေ့ခဲ့ရတဲ့ ဘဝအခက်အခဲတွေအကုန်လုံးကို သားသမီးတွေရှေ့မှာ ထုတ်ဖော်ပြောပြတာတွေ၊ မျက်နှာအမူအရာမှာပြတာတွေ မလုပ်ပေမယ့် အဖေသာ တကယ်လို့ သားသမီးတွေအတွက် မျက်ရည်တစ်စက်လောက် ကြွေပျက်ခဲ့မယ်ဆိုရင် အဲဒီမျက်ရည်က ပင်လယ်ထက်ကို ကျယ်လိမ့်မယ်ဆိုတဲ့ အတိုင်းမသိ ခန့်မှန်းတိုင်းတာလို့မရအောင် အဖေ့မေတ္တာကကြီးမားတယ်၊အမေ့မေတ္တာလည်းကြီးမားတယ်ဆိုတာ လူငယ်လူရွယ်တွေကို သိစေချင်တယ်။လူငယ်လူရွယ်လေးတွေဟာ မိမိရဲ့အမိအဖကို၊ အမိအဖရဲ့ ကျေးဇူးကိုသိရှိနားလည်ပြီး ကျေးဇူးတုံ့ပြန်ပေးဆပ်ချင်တဲ့ စိတ်တွေပေါ်ပေါက်လာစေချင်တဲ့ဆန္ဒနဲ့ ရေးခဲ့တာဖြစ်ပါတယ်။

သားသမီးတိုင်း မိဘတွေကို ပိုမိုချစ်ခင်စေလိုတဲ့စိတ်၊ ပိုမိုလုပ်ကျွေးပြုစုစေလိုတဲ့ စိတ်၊ တစ်နည်းအားဖြင့် မိဘနှစ်ပါးရဲ့ ကျေးဇူးတရားကို သိနားလည်စေလိုတဲ့ စိတ်ဆန္ဒတွေနဲ့ အဖေ့အကြောင်း၊ အမေ့အကြောင်း ကဗျာတွေ ရေးဖွဲ့ခဲ့ပါတယ်။ ဆောင်းပါးတွေ ရေးသားခဲ့ပါတယ်။ အဲဒီဟာတွေထဲကမှ တချို့ကိုစုစည်းပြီး အမေ့အပြုံးနှင့် အဖေ့မျက်ရည် စာအုပ်ကို ထုတ်ဝေနိုင်အောင် လုံ့လပြုခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ကို ရေးဖြစ်အောင်တိုက်တွန်းပေးတဲ့ မြဝတီ၊ ငွေတာရီက စာရေးဆရာတွေ၊ အယ်ဒီတာတွေအပါအဝင် မြဝတီ စာပေတိုက်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆုရွေးချယ်ရေးအဖွဲ့က အခုလိုချီးမြှင့်ပေးတဲ့အတွက်လည်းပဲ အများကြီး ကျေးဇူးတင်ပါတယ်။

မြင်းမူမောင်နိုင်မိုး၏ အမည်ရင်းမှာ ဦးအုန်းမောင်ဖြစ်ပြီး ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် စစ်ကိုင်းတိုင်း မြောင်မြို့၌ အဖဦးထွန်းညဏ်၊ အမိ ဒေါ်တင်လှတို့မှဖွားမြင်သည်။ ၁၉၇၃ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ကို စာရင်းကိုင် စာရင်းစစ် အဓိကဘာသာရပ်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တပ်မတော်တွင် ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခဲ့ပြီးသည်မှ ယနေ့ကာလအထိ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်တွင်စာတည်းမှူးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

စာပေလောကသို့ ၁၉၆၅ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ် မေလထုတ် ရှေ့ဆောင် လူငယ်ဂျာနယ် ကဗျာပြိုင်ပွဲ၊ ဒုတိယဆုရ အလုပ်သမားကဗျာသည် ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံရသော စာမူဖြစ်သည်။ ယနေ့အထိ ကဗျာပုဒ်ရေ ၂၀၀၀ ခန့်နှင့် မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ စာပဒေသာပုဒ်ရေ ၂၀၀ ခန့် ရေးသားခဲ့ပြီး အမျိုးသားစာပေဆု (၇) ကြိမ် ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု (တတိယဆင့်) ရရှိသည်။ ၂၀၂၂ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည်။ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်က ချီးမြှင့်သည့် အလင်္ကာကျော်စွာဘွဲ့ရရှိသည်။

**ဒေါက်တာတင်ထွန်းဦး**
**အမျိုးသားစာပေဆု**
**သုတ(အသုံးချသိပ္ပံ)**

စာဖတ်သူတွေရဲ့ အားပေးမှုအထူးရရှိခဲ့တဲ့ ဇရာကိုရင်ဆိုင်ခြင်းအနုပညာစာအုပ်ကို အခုလို နိုင်ငံတော်ရဲ့ အသိအမှတ်ပြုခြင်းခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဖတ်ရှုအားပေးခဲ့ကြတဲ့ စာဖတ် ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ နှစ်ပေါင်း ၃၀ လောက်ကြာပြီးမှ အမျိုးသားစာပေဆုကြီးကို တစ်ကျော့ပြန်ရရှိတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၄ ခုနှစ်အတွက် တစ်ကြိမ်စီ စုစုပေါင်းနှစ်ကြိမ် ဆုရရှိခဲ့ပြီးဖြစ်ပါတယ်။ အခု ၂၀၂၃ ခုနှစ်အတွက် ဖြစ်လို့ ၂၉ နှစ်အကြာမှာ တတိယအကြိမ်မြောက် ရရှိခြင်းဖြစ်ပါတယ်။

ဇရာဆိုတဲ့ (အိုမင်းခြင်း)ကို ဘယ်သူမှ ရှောင်လွှဲလို့မရပါဘူး။ တားဆီးလို့လည်း မရပါဘူး။ ဒါပေမဲ့ ဇရာကြောင့်ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ရောဂါတွေ ခံစားရခြင်းဆိုတဲ့ နာခြင်း၊ တစ်နည်းပြောရရင် ဗျာဓိကိုတော့ ကြိုတင်ကာကွယ်လို့ရပါတယ်။ ထိထိရောက်ရောက် ကုသလို့လည်းရပါတယ်။

ဒီစာအုပ်မှာ ဇရာရဲ့ဖြစ်စဉ်၊ အိုမင်းရခြင်းအကြောင်းရင်းတွေ၊ သက်ကြီးရွယ်အိုတွေမှာ အဖြစ်များတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ အဲဒီပြဿနာတွေကို ကြိုတင်ကာကွယ်နိုင်တဲ့ နည်းတွေ၊ ကျန်းမာနုပျိုစွာ အသက်ရှည်နည်းတွေ၊ သက်ကြီးရွယ်အိုတွေမှာ ရှိသင့်တဲ့ခံယူချက်တွေ၊ သက်ကြီးရွယ်အိုတွေ အပေါ်ထားရှိသင့်တဲ့ သဘောထားစတဲ့ အခန်းကဏ္ဍတွေအပြင် သက်ကြီးတွေအတွက် စိတ်ခွန်အားဖြစ်စေဖို့ သက်ကြီးရွယ်အိုဖြစ်ရခြင်းရဲ့ အားသာချက်တွေကိုလည်း ပြည့်စုံစွာ ရေးသားဖော်ပြထားပါတယ်။ အထူးသဖြင့် ဇရာကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ အနုပညာမြောက်စွာ ရင်ဆိုင်တတ်ခြင်းကိုလည်း ဦးစားပေး ဖော်ညွှန်းထားပါတယ်။

ကျွန်တော် ကိုယ်တိုင်လည်း အသက် ၇၀ ကျော် လာပြီဖြစ်လို့ ဇရာရဲ့ ပြောင်းလဲမှုတွေကိုရင်ဆိုင်ကြုံတွေ့ နေရတာကြောင့် သက်ကြီးရွယ်အိုတွေကို စာနာမိပါတယ်။ တကယ်တော့ အသက် ၆၀ ရောက်မှမဟုတ်ဘဲ ၄၀၊ ၅၀ လောက်ကစပြီး ဇရာကြောင့် ဖြစ်လာနိုင်တဲ့ ကျန်းမာရေးပြဿနာတွေကို ကြိုတင်ကာကွယ်သင့်ပါတယ်။ ဒါကြောင့် စာဖတ်သူတွေကို အနာရောဂါကင်းရှင်း၍ ကျန်းကျန်းမာမာ၊ အသက်ရှည်ရှည်နေနိုင်ပြီး ဇရာကို အေးအေးချမ်းချမ်းတည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီစာအုပ်ကို စနစ်တကျ ကြိုးပမ်းပြုစုခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ၁၉၇၂ ခုနှစ်ကတည်းက ပြင်ပစာနယ်ဇင်းတွေမှာ စဉ်ဆက်မပြတ် စာပေရေးသားခဲ့ပြီး စာပေကို အထူးဝါသနာပါခဲ့ပါတယ်။ ဒ့ါအပြင် ကျန်းမာရေးပညာပေး လုပ်ငန်းကိုလည်း ဝါသနာပါပြီး အရင်တုန်းက ကျန်းမာရေး ပညာဌာနမှာလည်း တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ နောက်ပြီးတော့ ကိုယ်ကျွမ်းကျင်တဲ့ ဆေးပညာနဲ့ စာပေရေးသားထုတ်ဝေခြင်းကို အခြေခံပြီး အများအကျိုးပြု ကျန်းမာရေးပညာပေးစာအုပ်တွေ ရေးသားလျက်ရှိပါတယ်။ အဲဒီလို အများအတွက် အကျိုးဖြစ်စေပြီး မိမိဝါသနာလည်းပါ၊ ကျွမ်းကျင်ရာလည်းဖြစ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ခွင့်ရနေလို့ မိမိအလုပ်ကိုမိမိ ကျေနပ်အားရခြင်းဖြစ်နေရပါတယ်။

ပြည်သူလူထုအနေနဲ့ မိမိဘဝအတွက် အကျိုးပြုနိုင်မယ့် စာပေတွေကို တတ်နိုင်သမျှကြိုးစားပြီး ဖတ်ပါ၊ မှတ်ပါ။ အဲဒီကရတဲ့ အချက်အလက်(Information)နဲ့ ဗဟုသုတ(Knowledge)တွေကို စဉ်းစားဆင်ခြင်သုံးသပ်ပြီး မိမိရဲ့ ကိုယ်ပိုင်ပစ္စည်း ဖြစ်စေပါ။ ပြောချင်တာက မိမိရဲ့အသိဉာဏ်ပညာနဲ့ အတွေးအခေါ်တွေကို ရင့်သန်ထက်မြက်စေပါ။ အဲဒီ အသိဉာဏ်ကိုလက်တွေ့ အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင်ပျော်ရွှင်နိုင်အောင် ကြိုးစားပါလို့ အကြံပြုချင်ပါတယ်။

ကျွန်တော့်အနေနဲ့ မိမိဘဝရဲ့ တတိယအရွယ် လက်ကျန်အချိန်တွေမှာ အခုလိုပြည်သူ့အကျိုးပြု စာပေတွေကို အတတ်နိုင်ဆုံး ဆက်လက်ရေးသား ထုတ်ဝေသွားဖို့ ရည်ရွယ်ထားပါတယ်။

ဒေါက်တာတင်ထွန်းဦးကို အဖ ဦးမောင်မောင်ခင်၊ အမိဒေါ်ငွေငွေတို့က ၁၉၅၄ ခုနှစ်တွင် ဟင်္သာတမြို့၌ မွေးဖွားသည်။ ငယ်စဉ်က လေးထပ်ကွမ်းလူရည်ချွန်တစ်ဦးဖြစ်ခဲ့သည်။ အခြေခံပညာအထက်တန်းကို ဧရာဝတီတစ်တိုင်းလုံးတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့၍ တက္ကသိုလ်ပညာသင်ဆု စကောလားရှစ်ရရှိခဲ့ပြီး ဆေးတက္ကသိုလ်(၂) မှ ၁၉၇၆ ခုနှစ်၌ ဆရာဝန်ဘွဲ့ကို ဆေးပညာဂုဏ်ထူးဖြင့် အောင်မြင်ရရှိခဲ့သည်။ ဆေးပညာမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး) ဘွဲ့ကို ကျန်းမာရေး စာရင်းအင်းပညာ ဂုဏ်ထူးဖြင့် ၁၉၈၆ ခုနှစ်တွင် ထပ်မံရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှစ၍ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး ယနေ့အထိ စာနယ်ဇင်းမျိုးစုံတွင် ကလောင်အမည်အမျိုးမျိုးဖြင့် ဆောင်းပါး ၁၉၀၀ ကျော်နှင့် စာပေ၊ ကျန်းမာရေး၊ အထွေထွေဗဟုသုတ၊ လူငယ်ပညာပေး၊ ခရီးသွားဆောင်းပါးနှင့် ဝတ္ထုတိုပေါင်းချုပ်တို့အပါအဝင် လုံးချင်းစာအုပ် ၃၃ အုပ်ရေးသားပြုစုခဲ့သည်။ ၁၉၇၆ ခုနှစ်အတွက် ပတ်ဝန်းကျင်နှင့်သင့်ကျန်းမာရေးစာမူဖြင့် စာပေဗိမာန်စာမူဆု (ပထမဆု)ကို ရရှိခဲ့ပြီး အမျိုးသားစာပေဆု သုံးကြိမ် ရရှိခဲ့သည်။

၁၉၈၂ ခုနှစ်မှစ၍ သုတစွယ်စုံစာအုပ်တိုက်ကိုတည်ထောင်ခဲ့ပြီး လစဉ်ထုတ် သုတစွယ်စုံမဂ္ဂဇင်းနှင့် အပတ်စဉ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တို့တွင် အယ်ဒီတာချုပ်၊ လစဉ်ထုတ် အာရောဂျံကျန်းမာရေးမဂ္ဂဇင်းနှင့် အပတ်စဉ်ထုတ် Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်တို့တွင် အတိုင်ပင်ခံအယ်ဒီတာနှင့် စွယ်စုံမီဒီယာဂရု(ပ်)၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် လျက်ရှိသည်။ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနတွင် ၁၉၉၅ ခုနှစ်အထိ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ ဝန်ထမ်းဘဝမှ မိမိဆန္ဒအလျောက် နုတ်ထွက်ခဲ့ပြီးနောက် စာပေရေးသား ထုတ်ဝေရေးလုပ်ငန်းကို ပိုမိုအားစိုက် ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ချ်မြို့ အပြည်ပြည်ဆိုင်ရာ အတ္ထုပ္ပတ္တိဗဟိုဌာနက ချီးမြှင့်သည့် စာပေနှင့် စာနယ်ဇင်းဆိုင်ရာ ၂၁ ရာစု စွမ်းဆောင်ရည်ထူးချွန်ဆု (21st Century Award for Achievement)ကို လက်ခံရရှိခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတွင် ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်က ချီးမြှင့်သည့် လူမှုထူးချွန် (တတိယအဆင့်)ကို ၂၀၀၈ ခုနှစ်နှင့် လူမှုထူးချွန် (ဒုတိယအဆင့်)ကို ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သည်။

**စဆနိုင်**
**အမျိုးသားစာပေဆု**
**ကဗျာ(ဂန္ထဝင်)**

သားသမီးတိုင်းအပေါ် အညီအမျှထားတဲ့၊ မိခင်တိုင်းရဲ့ အနန္တမေတ္တာ၊ သွေးနဲ့အသက်ကို အချိန်မရွေးပေးဆပ်ရဲတဲ့ အနှိုင်းမဲ့သတ္တိ၊ ဘဝခြားသွားတဲ့အထိ မပြောင်းလဲတဲ့ အတုမရှိကရုဏာ ဒီဂုဏ်ရည်အားလုံးဟာ အမေ့ဆီမှာ တစုတဝေးတည်း ရှိနေပါတယ်။ အမေ့ဆီကနေ ကိုယ်တွေ့ခံစားထုတ်နုတ်ယူပြီးမှ အမေ့အကြောင်းတွေကို ကဗျာဖွဲ့ခဲ့တာဟာ တကယ်တော့ အမေကိုယ်တိုင်ရင်ထဲထိ ထည့်ပေးလိုက်တဲ့ကဗျာတွေဖြစ်လို့ “အမေပေးသောကဗျာများ”လို့ ခြုံငုံခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်ပါတယ်။

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

**တွေ့ဆုံမေးမြန်း**
**ညိုမောင်**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်များအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၆ ခုနှစ် နတ်တော်လဆန်း၁ ရက်) စာဆိုတော်နေ့တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ စာပေဆုရှင်များ၏ ရင်တွင်းစကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်–


ကနောင်နိုင်နွယ်ဦး


ခက်လှိုင်းကျော်


မောင်ချိုဝေ


သျှင်မိုးခင်
(ယဉ်ကျေးမှုတက္ကသိုလ်)


နေစိုးသော်

**ကနောင်နိုင်နွယ်ဦး**
**စာပေဗိမာန်စာမူဆု**
**(ကလေးစာပေ)ပထမ**

ဦးဇင်းရဲ့ ကလောင်အမည်ကတော့ ကနောင်နိုင်နွယ်ဦး ဖြစ်ပါတယ်။ "လမင်းမျက်နှာ ပန်းမျက်နှာ" ဆိုတဲ့ခေါင်းစဉ်နဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ(ကဗျာ) ပထမဆုကို ရရှိခဲ့ပါတယ်။

ယနေ့လူငယ် နောင်ဝယ်ခေါင်းဆောင်လို့ ပြောချင်တဲ့စကားတွေကို ကလေးကဗျာပုံစံနဲ့ ရေးဖွဲ့ပြထားပါတယ်။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် ဆိုတဲ့အတိုင်း ကလေးကဗျာပုံစံအသစ်၊ ကလေးကဗျာကာရန်ယူပုံအသစ်တွေကို ကြိုးစားတီထွင်ရေးဖွဲ့ထားပါတယ်။ သင့်လျော်ရာကဗျာတွေကို ကလေးငယ်တွေ ရွတ်ဖတ်သီဆိုနိုင်ဖို့ ပညာရေးဝန်ကြီးဌာန (မူကြို၊ မူ၊ လယ်)ကျောင်းတွေမှာ သင်ကြားပေးစေလိုကြောင်း မေတ္တာရပ်ခံလိုပါတယ်။

အခုလိုပြောပြခွင့်ရတဲ့အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို ကဗျာလှုနုတွေးထူးမြင်ရင်း ဂါရဝပြု ကျေးဇူးတင်ပါကြောင်း။

**ခက်လှိုင်းကျော်**
**စာပေဗိမာန်စာမူဆု**
**(ကဗျာပေါင်းချုပ်) ပထမ**

ကျွန်တော်က မြန်မာဂန္ထဝင်ကဗျာကို ခြောက်တန်းကျောင်းသားဘဝကတည်းက စွဲလမ်းလာခဲ့တာပါ။

"လွမ်းသလေ မန်းမြေတမိတော့
ကမ်းခြေမှာ စမ်းရေစတွေနဲ့
ဖျန်းလေက တသုန်သုန်"

ဆိုတဲ့ ကျောင်းသင်ရိုးပါ ကဗျာလေးကို ခဏခဏ ရွတ်ဆိုနေခဲ့မိပါတယ်။ ၁၀ တန်းမှာ မြန်မာစာဆရာက အဖြည့်ခံရတုနှစ်ပိုဒ်ချပေးပြီး တစ်ပိုဒ်ဖြည့်ရေးခိုင်းရာမှာ ကျွန်တော်တစ်ယောက်တည်းသာ ဖြည့်ရေးပေးနိုင်လို့ မြန်မာစာဆရာ ဆရာဦးသိန်းက ပိုင်းလော့တံဆိပ် မင်ဖောင်တိန် ဆုချပေးအပ်ခဲ့တာလည်း နှစ် ၆၀ ကြာက ကျောင်းသားဘဝကို မမေ့နိုင်သေးပါဘူး။ အခုကဗျာဆုရတော့ သင်ကြားပေးခဲ့၊ အထုံပါရမီမျိုးစေ့ချပေးခဲ့တဲ့ ဆရာတွေအားလုံးကို ရည်မှန်းဦးချကန်တော့မိပါတယ်။ စာပေဆုငါးကြိမ်ရခဲ့ပြီးပါပြီ။ ဆက်လက်ပြီးရေးနေဦးမှာပါ။ အသက် ၈၀ ထဲရောက်ပါပြီ။ ဝါသနာနောက်မှာ စေတနာ၊ ဆန္ဒရှိနေဆဲပါ။ အခြားလူငယ်ကဗျာဆရာ၊ စာရေးဆရာတွေက ပိုပြီးရှန်းကြ၊ ကျုံးကြစေချင်ပါတယ်။ လူငယ်ခြေတက်ကလေးတွေကို ကြိုဆိုပါတယ်။

အထူးသဖြင့် ပြောလိုပါတယ်။ ဆုရွေးချယ်ပေးအပ်ကြတဲ့ စာပေပညာရှင် အကဲဖြတ်လူကြီးတွေ၊ အားပေးဂုဏ်ပြုကြတဲ့ စာပေမိတ်ဆွေတွေကို ကျေးဇူးတင်ပါတယ်။ မြန်မာစာပေရေစီး အရှိန်အဟုန်ကြီးပါစေ။

**မောင်ချိုဝေ**
**စာပေဗိမာန်စာမူဆု**
**(ကဗျာပေါင်းချုပ်)တတိယ**

စာပေဗိမာန်စာမူဆုဆိုတာ ကျွန်တော်တို့ စာရေးဆရာတွေရဲ့ မှတ်ကျောက်ဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ ကဗျာရေးဖို့က မွေးရာပါဝါသနာတစ်ခုပါ။ ကဗျာလေးတွေဟာ အနုပညာပစ္စည်းလေးတွေ ဖြစ်ပါတယ်။ ဒီအနုပညာပစ္စည်းလေးတွေရဖို့ ကျွန်တော်တို့ ဦးနှောက်ရော နှလုံးသားရော စိုက်ထုတ်ဖန်တီးရပါတယ်။ ရလာတဲ့အနုရသပစ္စည်းလေးတွေကို တန်ဖိုးအဆုံးအဖြတ်ပေးမယ့် ပညာရှင်တွေလက်ထဲကိုအပ်ပြီး အဆုံးအဖြတ်ခံယူရတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲ (ကဗျာပေါင်းချုပ်ဆု) တတိယရပါတယ်။ ကျွန်တော့်ထက် အနုပညာဖန်တီးအားကောင်းတဲ့ ဆရာကြီးတွေရှိပါတယ်။ ကျွန်တော့်ကဗျာလေးတွေကို မြန်မာစာပေလောကအတွက် စာအုပ်တစ်အုပ်ထုတ်ပြီး ထားရစ်ခဲ့မယ်လို့ ဆုံးဖြတ်မိပါတယ်။ မကြာခင်မှာ ကဗျာချစ်သူတွေလက်ထဲကို ကျွန်တော့်ကဗျာစာအုပ်ထည့်ပေးပါမယ်။ ယာထဲကကြေးစည်သံ မည်မျှသာသနည်း၊ မည်မျှမေတ္တာပမာဏကြီးသနည်း သိနိုင်ကြမယ့်အကြောင်း အသိပေးရင်း ကြေးမုံသတင်းစာ စာတည်းအဖွဲ့ကို ကျေးဇူးတင်ပါကြောင်းလည်း စကားလက်ဆောင်ပါးလိုပါတယ်။

**သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)**
**စာပေဗိမာန်စာမူဆု**
**(မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) တတိယ**

ကျွန်မကတော့ သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်) ဖြစ်ပါတယ်။ "ပျိုလေးကြိုလှည့်ပါ" စာမူနဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) တတိယဆု ရရှိခဲ့ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာကိုးကွယ်ယုံကြည်မှုနဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေရှိပါတယ်။ အဲဒီကိုးကွယ်ယုံကြည်မှုနဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေထဲမှာ နတ်ကိုးကွယ်ယုံကြည်မှုကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ နတ်ကိုးကွယ်ယုံကြည်ပြီး ပူဇော်ပသမှုတွေကို အနုပညာရှင်တွေက တေးသီချင်းအနေနဲ့ရော ကကြိုးကကွက်တွေဖန်တီးကာ ယိမ်းအကအနေနဲ့ပါ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ဖန်တီးကပြခဲ့ကြပါတယ်။

ဇာတ်သဘင်ပညာရှင်တိုင်း၊ အကဝါသနာရှင်တိုင်း "နတ်ကတော်အက၊ အပျိုတော်အက" လို့ ပြောလိုက်တာနဲ့ သိကြပါတယ်။ ဒါပေမဲ့ "နတ်ကတော်အက"နဲ့ "အပျိုတော်အက"ကို ကွဲကွဲပြားပြားသိရှိသူနည်းပါးပါတယ်။ ဒီစာအုပ်ကို "နတ်ကတော်အက"နဲ့ အပျိုတော်အက" ကွဲလွဲခြားနားချက်တွေကို သိရှိစေဖို့၊ ကျွန်မတို့အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ကျောင်းသားကျောင်းသူတွေနဲ့ သုတေသနပြုလိုသူတွေအတွက် မှီငြမ်းကိုးကားစရာစာအုပ်အဖြစ် အထောက်အကူဖြစ်စေလိုတဲ့အတွက် ရေးသားပြုစုခြင်းဖြစ်ပါတယ်။

ဇာတ်သဘင်ပညာရှင်တွေဟာ စာအုပ်စာပေနဲ့ ကင်းကွာလို့မရပါဘူး။ အလွန်ကျယ်ပြန့်ပြီး လေ့လာလို့မကုန်တဲ့ ကျွန်မတို့ဇာတ်သဘင်ပညာရပ်တွေကို နောင်လာနောက်သားတွေ လေ့လာသိရှိကြစေဖို့ စာအုပ်စာပေတွေအဖြစ် ရေးသားကြရမှာဖြစ်ပါတယ်။ စာရေးဆရာမကြီး လူထုဒေါ်အမာကြောင့် ဇာတ်သဘင်အကြောင်း၊ ဇာတ်မင်းသားကြီးတွေအကြောင်း သိရှိခွင့်ရသလို ကျွန်မရေးသားပြုစုခဲ့တဲ့ "ပျိုလေးကြိုလှည့်ပါ" စာအုပ်လေးကြောင့် "နတ်ကတော်အက" အကြောင်း သိရှိသွားကြရင် ကျွန်မရေးသားပြုစုရကျိုးနပ်ပါပြီ။ ဒီစာမူလေးကို ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု) တတိယဆုအဖြစ် ရွေးချယ်ပေးခဲ့ကြတဲ့ စာပေဗိမာန်စာမူစိစစ်ရေးအဖွဲ့တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းကိုလည်း ဂါရဝပြုကျေးဇူးတင်ပါတယ်။ မြန်မာပြည်သူပြည်သားများ ကိုယ်၊ စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေ။

**နေစိုးသော်**
**စာပေဗိမာန်စာမူဆု**
**(ပြဇာတ်စာပေ) ဒုတိယ**

ကျွန်တော်က နေစိုးသော်ပါ။ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု(ပြဇာတ်စာပေ) ဒုတိယဆုရရှိပါတယ်။

ကျွန်တော်တို့ စာပေလောကမှာ ပြဇာတ်ဟာ မှေးမှိန်နေပါတယ်။ ဝတ္ထုတို၊ ဝတ္ထုရှည်တို့လို စာပေပရိသတ်ရဲ့ စိတ်ဝင်စားမှုမရပါဘူး။ ကျွန်တော်က စာပေမှာရော ရုပ်ရှင်မှာပါ ကျင်လည်နေသူဖြစ်ပြီး ဇာတ်ညွှန်းတွေများစွာ ရေးနေသူဖြစ်ပါတယ်။ ဇာတ်ညွှန်းသမားတစ်ယောက်အနေနဲ့ ပြဇာတ်စာပေကို ပိုမိုမြင့်မား ထွန်းတောက်လာစေချင်တဲ့ဆန္ဒနဲ့ ပြဇာတ်ရေးပြီး စာမူပြိုင်ပွဲဝင်ဖြစ်တာပါ။

ဆုရပြဇာတ်စာမူအမည်က "ချစ်ပန်းမှုံ"ပါ။ ကျွန်တော်တို့ လူအများစုဟာ အစဉ်အလာရှေးရိုးစွဲအယူအဆတွေနဲ့ လက်ခံယုံကြည်လာတာတွေကို ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်တွေးဆပြီးမှ လက်ခံယုံကြည်ကြစေချင်တဲ့ ရည်ရွယ်ချက်၊ အမုန်းတရားကို မေတ္တာတရားက အောင်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရေးခဲ့တာဖြစ်ပါတယ်။ ပြဇာတ်စာပေတိုးတက်ရေးအတွက် အကျိုးပြုခွင့်ရတဲ့အတွက် များစွာပီတိဖြစ်မိပါတယ်။ စာပေတာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့် ထမ်းဆောင်ခြင်းလို့လည်းခံယူပါတယ်။

ဆုရွေးချယ်ရေးအဖွဲ့နဲ့ စာပေဗိမာန်စာမူဆု ရွေးချယ်ချီးမြှင့်ခြင်းအတွက် အထူးကျေးဇူးတင်ပါတယ်။

## ကြို့ပင်ကောက်မြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး နည်းပညာပေးဆွေးနွေး



**ကြို့ပင်ကောက် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် သီးနှံများအဓိကပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး စံပြကွက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့တွင် မြို့လယ်ချောင်း တောင်သူပညာပေးစခန်း၌ ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး (အနောက်) ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင် ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များ၊ သာယာဝတီခရိုင် ခရိုင်ဦးစီးမှူးနှင့် မြေ၊ မျိုး၊ ပိုးတာဝန်ခံများက ဆောင်းသီးနှံမတ်ပဲ၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်းသီးနှံ ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းခြင်းနည်းပညာများ၊ တောင်သူများတစ်နိုင်တစ်ပိုင် မျိုးထိန်းနည်းပညာများနှင့် မြေဆီလွှာနှင့် သီးနှံအာဟာရဓာတ်နည်းပညာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများက စိုက်ပျိုးရေးဆိုင်ရာ သိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အနာဂတ်တွင် တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လေးများ

ကိုဘုန်း(ထုတ်လုပ်)

ကလေးများသည် အနာဂတ်တွင် တိုင်းပြည်၏ တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် အနာဂတ်၏ မျိုးဆက်သစ်များဖြစ်သည်။ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အားပုံဖော်ရာတွင် အလွန်အရေးကြီးသောကြောင့် ကလေးငယ်များသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်များဖြစ်ပါသည်။ ကလေးသူငယ်များ၏ လက်ရှိအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်ဝတ္ထု/စိတ်ပိုင်းဆိုင်ရာ အတက်၊ အကျ အနိမ့်၊ အမြင့်ကို ညွှန်းဆိုနိုင်သောကြောင့်ကလေးများကိုကောင်းမွန်စွာပြုစုပျိုးထောင်ရန် အလွန်အရေးကြီးပါသည်။ ကလေးများသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်ကို အားလုံးလက်ခံထားသကဲ့သို့ တိုင်းပြည်တစ်ခု၏ ပစ္စုပ္ပန်အကျိုးသည် လူကြီးများလက်ထဲတွင်ရှိပြီး အနာဂတ်အကျိုးသည် ကလေးများ၏ လက်တွင်ရှိသည်သာဖြစ်သည်။

> ❝ကလေးငယ်များသည် မြင်လွယ်တတ်လွယ်ပါသည်။ ကလေးသူငယ်များသည် အဖြူရောင်စက္ကူလေးများနှင့် အလားသဏ္ဍာန်တူသည်။ အဖြူရောင်စက္ကူအား အရောင်ဆိုးလိုက်လျှင် အရောင်ပြောင်းသွားသကဲ့သို့ ကလေးငယ်များသည်လည်း ပတ်ဝန်းကျင်၊ မြင်တွေ့နေကျအခင်းအကျင်းများကိုလိုက်၍ ပြောင်းလဲတတ်သော သဘာဝရှိသည်။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး ဆိုသကဲ့သို့ပင် ဖြစ်သည်။ ကလေးငယ်များသည် အဖြူစင်ဆုံးသောသူများဟု လူတိုင်းကသတ်မှတ်ထားကြသလို ကလေးငယ်တို့အား မြေတောင်မြှောက်ပေးခြင်းသည် လူကြီးတို့၏တာဝန်ပင် ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်တို့အတွက် ကောင်းမွန်သော အခြေအနေကောင်းနှင့် ပတ်ဝန်းကျင်ကောင်းကို ပြင်ဆင်ပေးရန်လိုအပ်❞

ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာစေရန် အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာ၍ ပညာသင်ယူခွင့်ရှိသော ပြည့်စုံသောဘဝများဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကလေးများအတွက် အခြေခံအခွင့်အရေးများရရှိစေရေး ဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရသာမက ပြည်သူများ၊ မိဘများ၊ မိသားစုဝင်များနှင့် ရပ်ရွာလူထုများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးသူငယ်များ၏ အခွင့်အရေးများအား အပြည့်အဝဖော်ဆောင်ပေး နှိုးဆော်ပေးရန်အတွက် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိပါသည်။

**ကမ္ဘာ့ကလေးများနေ့ဖြစ်ပေါ်လာပုံ**

ကမ္ဘာပေါ်ရှိကလေးများ၏အနာဂတ် ပိုမိုတောက်ပနိုင်စေရေး၊ ကလေးများအား ကာကွယ်မှုအပြည့်အဝပေးနိုင်ရေး၊ ကလေးများ၏အခွင့်အရေးများ ပိုမိုရရှိစေနိုင်ရေး၊ ကလေးများရင်ဆိုင်ကြုံတွေ့ရတတ်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးတို့ကိုရည်ရွယ်၍ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၈၃၆(၉)ကိုချမှတ်ပြီး ကမ္ဘာ့ကလေးများနေ့ကို ကမ္ဘာတစ်ဝန်းတွင် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများ၏ အနာဂတ် ပိုမိုတောက်ပနိုင်စေရေး၊ ကလေးများအား ကာကွယ်မှုအပြည့်အဝပေးနိုင်ရေး၊ ကလေးများ၏ အခွင့်အရေးများ ပိုမိုရရှိစေနိုင်ရေး၊ ကလေးများ ရင်ဆိုင်ကြုံတွေ့ရတတ်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို "ကမ္ဘာ့ကလေးများနေ့" (World Children's Day) အဖြစ် ကျင်းပလျက်ရှိသည်။ ထိုနေ့သည် ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights of the Child) နှင့် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (United Nations Convention on the Rights of the Child) တို့အား အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းတို့ကို ကိုယ်စားပြုထားခြင်းလည်း ဖြစ်သည်။

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ**

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCRC)ကို ၁၉၉၁ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကာ ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါသည်။ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ထိုဥပဒေ၏ရည်ရွယ်ချက်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကိုဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်း ရရှိရေးအပါအဝင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်တို့ဖြစ်သည်။

**အနာဂတ်၏အကောင်းဆုံးမျှော်လင့်ချက်**

ကမ္ဘာကြီး၏ အနာဂတ်ကို အကောင်းဆုံးမျှော်လင့်ပါက ကလေးသူငယ်များနှင့် လူငယ်များကို အဓိကထားရန် လိုအပ်ပေသည်။ ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။ ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီ ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု စသည်ဖြင့် စိန်ခေါ်မှုများရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်သည်များ ဖန်တီးလုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ကလေးတစ်ယောက်ဆိုသည်မှာ ဥပဒေအရ အသက်အပိုင်းအခြား ကန့်သတ်ထားခြင်းမရှိလျှင် အသက် ၁၈ နှစ်အောက်ရှိ မည်သည့်လူသားမဆို ကလေးဖြစ်သည်။ ကလေးများသည် မသိနားမလည်ကြပါ။ ကလေးများသဘာဝသည် သူတို့လုပ်ချင်သည့်အရာကိုသာ စိတ်ဝင်စားကြပါသည်။ ကလေးများတွင် မိမိတို့ပတ်ဝန်းကျင်ရှိ ဆိုးရွားသော ဖြစ်ရပ်များအပေါ် တုံ့ပြန်မှုအမျိုးမျိုးရှိကြပါသည်။ ယဉ်ကျေးမှုများကလည်း စိတ်ခံစားမှုများကို ဖော်ပြသည့် နည်းလမ်းများအပေါ် လွှမ်းမိုးမှုရှိပါသည်။ သို့သော် ကလေးများသည် သူတို့အား နားလည်အောင်ပြောလျှင် နားထောင်ကြပြီး နားထောင်ချင်အောင်ပြောလျှင် နားထောင်ကြပါသည်။ ကလေးငယ်များသည် မြင်လွယ်တတ်လွယ်ပါသည်။ ကလေးသူငယ်များသည် အဖြူရောင်စက္ကူလေးများနှင့် အလားသဏ္ဍာန်တူသည်။ အဖြူရောင်စက္ကူအား အရောင်ဆိုးလိုက်လျှင် အရောင်ပြောင်းသွားသကဲ့သို့ ကလေးငယ်များသည်လည်း ပတ်ဝန်းကျင်၊ မြင်တွေ့နေကျအခင်းအကျင်းများကိုလိုက်၍ ပြောင်းလဲတတ်သော သဘာဝရှိသည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသကဲ့သို့ပင်ဖြစ်သည်။ ကလေးငယ်များသည် အဖြူစင်ဆုံးသောသူများဟု လူတိုင်းက သတ်မှတ်ထားကြသလို ကလေးငယ်တို့အား မြေတောင်မြှောက်ပေးခြင်းသည် လူကြီးတို့၏ တာဝန်ပင်ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်တို့ အတွက် ကောင်းမွန်သော အခြေအနေကောင်းနှင့် ပတ်ဝန်းကျင်ကောင်းကို ပြင်ဆင်ပေးရန် လိုအပ်ပါသည်။

> ❝ကလေးသူငယ်များ၏ လက်ရှိအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်ဝတ္ထု/စိတ်ပိုင်းဆိုင်ရာ အတက်၊ အကျ အနိမ့်၊ အမြင့်ကို ညွှန်းဆိုနိုင်သောကြောင့် ကလေးများကို ကောင်းမွန်စွာပြုစုပျိုးထောင်ရန် အလွန်အရေးကြီးပါသည်။ ကလေးများသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်ကို အားလုံးလက်ခံထားသကဲ့သို့ တိုင်းပြည်တစ်ခု၏ ပစ္စုပ္ပန်အကျိုးသည် လူကြီးများလက်ထဲတွင်ရှိပြီး အနာဂတ်အကျိုးသည် ကလေးများ၏လက်တွင်ရှိသည်သာဖြစ်❞

**ခြွင်းချက်မရှိ ချစ်ခြင်းမေတ္တာ၏ပံ့ပိုးမှု**

ကလေးများကို ပြုစုပျိုးထောင်ခြင်းသည် ယဉ်ကျေးမှု၊ တန်ဖိုးထားမှုများနှင့် ကိုယ်ပိုင်ယုံကြည်ချက်များဖြင့် ပုံဖော်ထားသော အလုပ်ဖြစ်သည်။ ကလေးများကို လုံခြုံပြီးချစ်ရန် လိုအပ်ပါသည်။ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိပြီး လုံခြုံမှုကို ခိုင်မာစေပါသည်။ ကလေးများကို ၎င်းတို့၏ စိတ်ခံစားချက်များအား ခွဲခြားသိမြင်နားလည်ပြီး ထိန်းညှိတတ်အောင်သင်ပေးရပါမည်။ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးကို စံနမူနာပြခြင်းသည် ၎င်းတို့အား စာနာမှု၊ ခံနိုင်ရည်ရှိမှုနှင့် လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက်စေရန် ကူညီပေးနိုင်သည်။ ကလေးများကို ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများနှင့် စည်းမျဉ်းများ သတ်မှတ်ခြင်းသည် ၎င်းတို့မျှော်လင့်ထားသည့်အရာနှင့် လုပ်ဆောင်ချက်များအတွက် အကျိုးဆက်များကို နားလည်ရန် ကူညီပေးပါသည်။ ကလေးငယ်များကို သူတို့ကိုယ်တိုင်စဉ်းစားခြင်း၊ ဆုံးဖြတ်ချက်ချရန်၊ သူတို့၏ လုပ်ရပ်များအတွက်တာဝန်ယူတတ်ရန် အားပေးရပါမည်။ ၎င်းသည် ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်နှင့် အသိဉာဏ်ကို တိုးတက်စေပါသည်။ ထို့ပြင် တခြားသူများအား လေးစားစွာ ဆက်ဆံတတ်ရန် သင်ပေးရပါမည်။ သိချင်စိတ်ပြင်းပြမှုနှင့် စူးစမ်းရှာဖွေမှုကို အားပေးခြင်းဖြင့် သင်ယူမှုကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရပါမည်။ ကလေးများသည် မေးခွန်းများမေးရန်၊ စိတ်ကူးသစ်များရှာဖွေရန်နှင့် ၎င်းတို့၏စိတ်ဝင်စားမှုများကို လိုက်စားရန် အားပေးရပါမည်။ အလုပ်ကြိုးစားမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ကို ကလေးများအားသင်ပေးရပါမည်။အသက်အရွယ်အလိုက် သင့်လျော်သော အိမ်မှုကိစ္စများပေးပြီး ၎င်းတို့၏ လုပ်အားများကို ချီးမွမ်း၍ အားပေးရပါမည်။ ထို့ပြင် ကလေးများအား ကြင်နာမှုနှင့်စာနာတတ်ရန် သင်ပေးပြီး ရပ်ရွာကိုအကျိုးပြုရန် အရေးကြီးကြောင်း သင်ပေးရပါမည်။ ကလေးတစ်ဦးစီသည် ထူးခြားပြီး တစ်ဦးအတွက် လုပ်ဆောင်သည့်အရာသည် အခြားတစ်ဦးအတွက် အလုပ်မဖြစ်နိုင်ပါ။ ကလေးတစ်ယောက်၏ စိတ်နေစိတ်ထားနှင့် ဖွံ့ဖြိုးမှုအဆင့် လိုက်လျောညီထွေဖြစ်စေရန် မိဘအုပ်ထိန်းမှုပုံစံကို ချိန်ညှိခြင်းဖြင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရပါမည်။

ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝအကောင်အထည်ဖော်ပြီး မှန်ကန်သောပြုစုပျိုးထောင်ခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်ရန်လိုအပ်ပါသည်။ "ယနေ့လူငယ် နောင်ဝယ် လူကြီး"ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် နောင်တစ်ချိန်တွင် လူကြီးဖြစ်လာမည့် ကလေးများအပေါ်တွင် အများကြီးမူတည်နေပါသည်။ ထို့ကြောင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတိုးတက်ကောင်းမွန်ပြီး ပျော်ရွှင်စရာကောင်းသော ကမ္ဘာကြီးဖြစ်အောင် ဖန်တီးပေးရန်မှာ အလွန်အရေးကြီးပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဘားအံမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**သီဆိုဖွင့်လှစ်**

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကြွေးကြော်သံသီချင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသော အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဆုရစာစီစာကုံးနှင့် ပန်းချီလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကလောနှင့် ပင်းတယဒေသတို့၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းတွင် ကလောမြို့ Mya Yar Pin ဟိုတယ်၌ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization– DMO) များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုခရီးသွားရာသီတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေး ပြင်ဆင်ရမည့်ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကလောဒေသကို ခရီးသွားမြို့တော်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကလောမြို့ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၂၂-၂၀၂၅)ကို မဟာဗျူဟာ(၅)ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်အကောင်အထည်ဖော်မှုများဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအကောင်အထည်ဖော်မှုကို အထောက်အကူပြုရန် ကလောမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပခဲ့ပါကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO) များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအနေဖြင့် ဖိုရမ်ဆွေးနွေးမှုရလဒ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ တာဝန်ကျရာ အခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(DMO)များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကလောဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နန်းသဲကျေးရွာရှိ Adventure Tourism Site တစ်ခုဖြစ်သည့် Kalawe Glamping & Eco–Activities သို့သွားရောက်ကာ ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းစွာ စွန့်စားခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ထားရှိမှုနှင့် အပန်းဖြေခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရှိမှု၊ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် ကလောမြို့ရှိ Kalaw Heritage Hotel နှင့် ပင်းတယမြို့ရှိ PINDAYA Hotel တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပင်းတယမြို့ရှိရွှေဥမင်ဘုရားသို့သွားရောက် ဖူးမြော်ကြည်ညို၍ ဘုရားဥမင်အတွင်း လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာ ဖူးမြော်သွားလာနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဘုရားဂေါပကထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၄၅၀၅ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၆၀ | ၃၂၁၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်ကုန်းမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာနှင့် ရွှေဥဒေါင်းကျေးရွာတို့တွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ငွေဖြင့် စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာများရှိ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုးတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးရှင်းလင်းမှာကြားသည်။

အဆိုပါကျေးရွာများတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ငွေဖြင့် အလျားပေ ၂၀၊ အနံ ၂၁ ပေရှိ တစ်ထပ်စာကြည့်တိုက် အဆောက်အအုံသစ်များ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

စာပေမြင့်မှ လူမျိုးတင့်မည်

# ရုပ်ကြွင်းလောင်စာကို အန်တုလာသည့် နည်းပညာများ

မောင်သုတ

မကြာသေးမီကာလအတွင်း တက်စလာ ကုမ္ပဏီ၏ စီအီးအိုအီလွန်မတ်စ်က ရေဖြင့် မောင်းနိုင်သည့်ကား တစ်နည်းအားဖြင့် ရေထည့်ပြီးမောင်းနှင်သည့် အင်ဂျင်ကို တီထွင်လိုက်ပြီဆိုသည့်အကြောင်းက လူမှုကွန်ရက်မျက်နှာစာတွင် လှုပ်ခတ်သွားခဲ့သည်။ အချက်အလက် စိစစ်ရေး ဝက်ဘ်ဆိုက်များက တင်ထားသည့်ပုံနှင့် ရေးထားသည့် အကြောင်းအရာတို့ကို စိစစ်ပြီး သတင်းမှားတစ်ခုဖြစ်ကြောင်း ထောက်ပြ သတိပေးခဲ့ကြသော်လည်း မူရင်းသတင်းမှားလောက် ပျံ့နှံ့နိုင်စွမ်း မရှိကြောင်းကိုလည်း တွေ့ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ထိုဖြစ်စဉ်သည် သယ်ယူပို့ဆောင်ရေးလောကအတွင်း အဓိက ဦးဆောင်နေသည့် ရုပ်ကြွင်းလောင်စာ အင်ဂျင်တို့ကို အစားထိုးမည့် နည်းပညာသစ်ကို လူအများစု စိတ်ဝင်စားကြကြောင်း ပြသခဲ့သည်ဟုတော့ ဆိုနိုင်သည်။

အိပ်မက်ဆိုးထဲတွင် ပြေးနေမှန်းမသိဘဲ ပြေးနေကြသော လူသားတို့သည် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစု အစောပိုင်း ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ မြို့ကြီးများတွင် မြင်တွေ့လာရသော ထိတ်လန့်ဖွယ်ရာ မီးခိုးမြူများ အစရှိသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် ရင်ဆိုင်လာရချိန်တွင်မှ နိုးထရကောင်းမှန်း စတင်သိလာကြပြီ။ သို့သော် လုံးလုံးနိုးထသည်တော့မဟုတ်။ နိုးတစ်ဝက် အိပ်တစ်ဝက်သာ။ ထိုနိုးတစ်ဝက် အိပ်မက်များထဲတွင် လက်ရှိ ခေတ်ရှေ့အပြေးဆုံးဖြစ်နေသည်က ရေးရိုး ပေါက်ကွဲအားသုံး အင်ဂျင်များနေရာတွင် အစားထိုးလာသည့် ဘက်ထရီနည်းပညာများဖြစ်သည်။

တကယ်တော့ ကားလောကကို ရာစုနှစ်တစ်ခုကျော် စိုးမိုးထားသည့် ရုပ်ကြွင်းလောင်စာတို့ကို အန်တုနိုင်မည့် လျှပ်စစ်နည်းပညာကို စတင်ကြိုးပမ်းခဲ့ကြသည်မှာ ၁၉ ရာစု နှောင်းပိုင်းကတည်းကပင်။ ဖို့ဒ်ကားလုပ်ငန်းကိုတည်ထောင်ခဲ့သည့် ဟင်နရီဖို့ဒ်၏ "လူထုအတွက် မော်တော်ကားတစ်မျိုးကို ကျုပ်တည်ဆောက်မယ်"ဆိုသည့် ကြုံးဝါးသံနှင့် စတင်ခဲ့သော အားထုတ်မှုသည် သူ၏ သယ်ယူပို့ဆောင်ရေးလောကအတွက် မော်တော်ကားတို့၏ အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းအပြင် ရုပ်ကြွင်းလောင်စာထည့်ပေးရသည့် ပေါက်ကွဲအားသုံး အင်ဂျင် (ICE)တို့၏ အားထားရနိုင်မှု၊ စရိတ်သက်သာမှုနှင့် အမြောက်အမြားထုတ်လုပ်ရန် လွယ်ကူမှုတို့ကိုပါ ကြိုမြင်နိုင်စွမ်း ရှိခဲ့ပုံရသည်။ တကယ်လည်း ဓာတ်ဆီ၊ ဒီဇယ် မော်တော်ကားတို့သည် လူအများ အကြိုက်ဖြစ်ခဲ့၏။

ယနေ့ခေတ်သို့ ရောက်လာချိန်တွင် အခြားရာသီဥတုဖောက်ပြန်မှုများကို ဂရုမစိုက်ကြသည့် လူသားတို့သည် သူတို့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လာရသည့် မြို့ကြီးများပေါ်မှ မီးခိုးမြူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာတို့ကို တွေ့တော့မှ ရုပ်ကြွင်းလောင်စာ မှီခိုမှုအပေါ် စိုးရိမ်စိတ် စတင်ဝင်ရောက်လာစေသည်ဟု မြင်ရသည်။ တစ်ဖက်က စိုးရိမ်မှုနှင့် တစ်ဖက်က နည်းပညာတိုးတက်မှုတို့ ပေါင်းစပ်သွားချိန်တွင် ၂၁ ရာစု ဒုတိယဆယ်စုနှစ်မှစတင်ကာ ကမ္ဘာ့ကားဈေးကွက်၌ EV ဟု လူသိများသော လျှပ်စစ်ကားများ ဈေးကွက်မြင့်တက်လာပြီး ထွန်းကားလာသော ဈေးကွက်သစ်ကြောင့် EV ကား ထုတ်လုပ်သည့်လုပ်ငန်းများ အပြိုင်အဆိုင် တိုးတက်လာသလို ဈေးလည်း ထိုက်သင့်သလောက်ကျဆင်းပြီး ဈေးကွက်လည်း ကြီးသည်ထက် ကြီးလာသည်ကို မြင်တွေ့ခဲ့ရသည်။

### ဘက်ထရီနည်းပညာ – ပစ္စုပ္ပန်နှင့် အနာဂတ်

ယခုကဲ့သို့လျှပ်စစ်ကားများ လူကြိုက်များလာပြီးဈေးကွက်ကြီးမားလာရာတွင် တက်စလာ စီအီးအို အီလွန်မတ်စ်ကို ချန်ထားခဲ့၍မရ။ "ရေရှည်ခံစွမ်းအင်တွေဟာ ဘာမဆို ဖြစ်လာစေနိုင်တယ်"



ဆိုသည့် သူ၏ ကမ္ဘာကျော်စကားနှင့်အတူ လူကြိုက်နည်းလှသေးသည့် လျှပ်စစ်ကား နည်းပညာနှင့် ဈေးကွက်ကို မိုက်မိုက်မဲမဲဟု ဆိုရလောက်အောင် တိုးဝင်ထိုးဖောက်ခဲ့သူက မတ်စ်ဖြစ်သည်။ ယခုအချိန်တွင်တော့ မတ်စ်၏ တက်စလာသည် အမေရိကန်ဈေးကွက်အတွင်း ဂျင်နရယ်မော်တာ၊ ဖို့ဒ် စသည့် လုပ်ငန်းများ၏ အားပြိုင်မှု၊ ကမ္ဘာ့ဈေးကွက်အတွင်း တရုတ် EV ကား ဘီဝိုင်ဒီ၏ ပခုံးချင်း ယှဉ်လာမှု၊ ဖောက်စ်ဝက်ဂွန်း၊ ဟွန်ဒိုင်း၊ ကီယာတို့လို ရုပ်ကြွင်းလောင်စာကားလောက၌ နာမည်ရပြီးသား လုပ်ငန်းများအပြင် ရီဗီယန်၊ လူးစစ်တို့လို တက်သစ်စ EV ကား ထုတ်လုပ်ရေးလုပ်ငန်းသစ်များ၏ ဈေးကွက်ခွဲဝေယူမှုတို့နှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

လျှပ်စစ်ကားများနှင့် ဓာတ်ဆီ/ဒီဇယ်ကားများ ကွာခြားချက်မှာ ဓာတ်ဆီ/ဒီဇယ်ကားများတွင် အင်ဂျင်သည် အခရာကျပြီး လျှပ်စစ်ကားများတွင် ဘက်ထရီက အခရာကျခြင်းဖြစ်သည်။ အင်ဂျင်နေရာတွင် အစားထိုးဝင်လာသည့် လျှပ်စစ်မော်တာများမှာ နည်းပညာအားဖြင့် ဘက်ထရီလောက် အရေးမကြီးတော့။ လောလောဆယ် လျှပ်စစ်ကားများ၌ သုံးနေသည့် ဘက်ထရီနည်းပညာများမှာ NMC ဟုခေါ်သော နီကယ်မဂ္ဂနိစ် ကိုဘော့ နည်းပညာ၊ NMCA ဟု ခေါ်သော နီကယ်မဂ္ဂနိစ် ကိုဘော့ အလူမီနီယံနည်းပညာနှင့် LFP ဟု ခေါ်သည့် လစ်သီယမ် အိုင်းယွန်းဖော့စဖိတ် နည်းပညာတို့ဖြစ်သည်။ လက်ရှိကမ္ဘာ့ဈေးကွက်ကို ဦးဆောင်နေသော တက်စလာနှင့် ဘီဝိုင်ဒီတို့တွင် တက်စလာကို ထိုနည်းပညာ သုံးခုစလုံးသုံးပြီး ဘီဝိုင်ဒီက ဈေးအသက်သာဆုံးဖြစ်သည့် LFP နည်းပညာကို သုံးထားသည်။

ထိုနည်းပညာများတွင် အစွမ်းအထက်ဆုံးက NMC ။ စွမ်းအင်သိုလှောင်နိုင်စွမ်း အမြင့်ဆုံးဖြစ်သည်။ ထို့ကြောင့် ခရီးဝေးဝေး ပိုသွားနိုင်ပြီး အပူထွက်နှုန်းလည်း မြင့်မားသည်။ အပူထွက်နှုန်းကို ထိန်းသိမ်းရန် နောက်ထပ်နည်းပညာများ သုံးရသည်။ တက်စလာက ထိုနည်းပညာကို ဈေးကြီးသော ဇိမ်ခံကားများအတွက် သုံးသည်။ NMCAမှာ မြေရှားသတ္တုဖြစ်သည့် ကိုဘော့နေရာတွင် အလူမီနီယံကို တစ်စိတ်တစ်ပိုင်း ထည့်သွင်းအသုံးပြုထားသည့်အတွက် အသုံးပိုတည့်သည့် နည်းပညာဟု ဆိုနိုင်သည်။ တက်စလာ၏ အနာဂတ်နည်းပညာများထဲမှ တစ်ခုဖြစ်သည်။ အပူထွက်နှုန်းနည်းသွားပြီး စွမ်းအင်သိုလှောင်မှု အနည်းငယ်လျော့သွားသည်မှလွဲ၍ NMC အောက် နိမ့်ကျမှုမှာ သိပ်များများစားစားမရှိ။

LFP မှာမူ လက်ရှိ ကမ္ဘာ့ EV ကားလောကတွင် အသုံးအများဆုံး ဘက်ထရီနည်းပညာဖြစ်သည်။ စွမ်းအင် သိုလှောင်နိုင်စွမ်းမှာ NMC၊ NMCA တို့အောက် လျော့နည်းသော်လည်း ဓာတ်အားဖြည့်စခန်းများ အစဉ်လိုက် တိုးချဲ့ဆောက်လုပ်ခြင်းဖြင့် ထိုအားနည်းချက်ကို ကာကွယ်နိုင်သည်။ အားသာချက်မှာ ဘက်ထရီ သက်တမ်းပိုရှည်ခြင်းဖြစ်သည်။ ထို့ကြောင့် စွမ်းအင်သိုလှောင်နိုင်စွမ်း တိုးလာအောင် တီထွင်ကြံဆရင်း တိုးတက်လာနေသည့် အနာဂတ်နည်းပညာဖြစ်သည်။ အားနည်းချက်တစ်ခုမှာ NMC၊ NMCA တို့နှင့်ယှဉ်လျှင် အားသွင်းချိန် ကြာမြင့်ခြင်းဖြစ်သည်။ ကြာသည်ဆိုသော်လည်း သိပ်ကွာလှသည်တော့မဟုတ်။ NMC ၊ NMCA တို့က အားပြည့်ရန် မိနစ် ၂၀ အချိန်ယူရသည်ဆိုလျှင် LFP က နာရီဝက် အချိန်ယူရသည်မျိုးဖြစ်သည်။ တက်စလာ၏ နောက်ဆုံးနည်းပညာဖြစ်သည့် လစ်သီယမ် အိုင်းယွန်း 4680 နည်းပညာမှာ အကောင်းဆုံးဟု သတ်မှတ်ခံထားရသည်။

အနာဂတ် ဘက်ထရီ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသည့် နည်းပညာနှစ်မျိုး စမ်းသပ်နေသည်။ တစ်နည်းမှာ ဓာတ်ခဲခြောက်နည်းပညာဖြစ်သည်။ ယင်းမှာ အရပ်ခေါ် ဓာတ်ခဲခြောက်နှင့်တော့မတူ။ လစ်သီယမ်အိုင်းယွန်းများသည် အရပ်ခေါ် ဓာတ်ခဲခြောက်ဖြစ်ပြီးသား။ သို့သော် အီလက်ထရုတ်ဟုခေါ်သည့် ဘက်ထရီငုတ်များအတွက် လစ်သီယမ် ဆားပျော်ရည်သုံးပြီး အခြောက်ခံထားရသည်။ အနာဂတ်နည်းပညာမှာ လစ်သီယမ် ဆားပျော်ရည်နေရာတွင် အမှုန့်သုံးဖို့ နည်းလမ်းဖြစ်သည်။ အမှုန့်သုံးနိုင်လျှင် အခြောက်ခံချိန်သက်သာသည့်အပြင် စွမ်းအင် သိုလှောင်နိုင်စွမ်းကိုပါ ပိုမိုမြှင့်တင်နိုင်မည်ဟုဆိုသည်။ ထုတ်လုပ်မှု ပိုမိုမြန်ဆန်သလို ထုတ်လုပ်မှု ကုန်ကျစရိတ်လည်း ကျဆင်းသွားမည်ဖြစ်ရာ ကားဈေးနှုန်းကိုပါ ချပေးနိုင်မည့် နည်းပညာဖြစ်သည်။

နောက်ထပ် နည်းပညာတစ်ခုမှာ Solid State ဘက်ထရီများဖြစ်သည်။ ကွန်ပျူတာနှင့် ရင်းနှီးကျွမ်းဝင်သူဆိုလျှင် ရှေးရိုးဟာ့ဒ်ဒရိုက်(HDD)များမှ ဆောလစ်စတိတ်ဒရိုက်(SSD)သို့ အကူးအပြောင်းကို ကောင်းစွာ သိနိုင်ပါသည်။ ဆောလစ်စတိတ် နည်းပညာကို ရှင်းပြဖို့ ခက်ခဲသော်လည်း SSD များတွင် သုံးထားသည့် နည်းပညာကို ဘက်ထရီများတွင် ယူသုံးသည်ဟု မှတ်ထားလျှင် အလုံးစုံမမှန်သည့်တိုင် မမှားနိုင်ပါ။ ထိုနည်းပညာမှာလည်း အီလက်ထရုတ်များနေရာတွင် ဆားပျော်ရည်၊ အမှုန့်တို့ မသုံးဘဲ ဆောလစ်စတိတ်များ သုံးမည့်နည်းလမ်းဖြစ်သည်။ လက်ရှိ တက်စလာကုမ္ပဏီနှင့် မက်စ်ဝဲလ် ကုမ္ပဏီတို့ ပေါင်းပြီး သုတေသနပြုလုပ်နေရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဟုဆိုသည်။ ရှေ့ကပြောခဲ့သည့် ဓာတ်ခဲခြောက်နည်းပညာထက်တော့ ခြေလှမ်း အနည်းငယ်သာနေပြီဟု ဆိုနိုင်သည်။ ယင်းမှာ တက်စလာဘက်က ချပြထားသော အနာဂတ်နည်းပညာများသာ။

### ဟိုက်ဒရိုဂျင် လောင်စာဆဲလ်

တကယ်တော့ ကားလောကတွင် ရှေးရိုး ရုပ်ကြွင်းလောင်စာတို့ကို အန်တုနေသည်မှာ ဘက်ထရီနည်းပညာ တစ်ခုတည်းတော့မဟုတ်။ ဘက်ထရီနည်းပညာတွင် နောက်မှပေါ်သည့် ရွှေကြာပင်များဖြစ်သည့် တက်စလာတို့၊ ဘီဝိုင်ဒီတို့က ဦးဆောင်ပြီး ဖို့ဒ်တို့၊ ဂျီအမ်တို့၊ ဖောက်စ်ဝက်ဂွန်းတို့ နောက်မှလိုက်နေရသော်လည်း နောက်ထပ် နည်းပညာတစ်မျိုးဖြစ်သည့် ဟိုက်ဒရိုဂျင် လောင်စာဆဲလ်နည်းပညာတွင်မူ လက်ရှိ ကမ္ဘာ့ကားဈေးကွက်တွင် ဈေးကွက်၏ ၁၁ ရာခိုင်နှုန်းနီးပါး ယူထားပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် တိုယိုတာက တစ်ကောင်တည်းပြေးသော မြင်းဖြစ်နေသည်။ တက်စလာ စီအီးအို အီလွန်မတ်စ်က လောင်စာဆဲလ်ကို ဖျူရယ်ဆဲလ်ဟု အသံမထွက်ဘဲ ဖူးလ်ဆဲလ်ဟု အသံထွက်ပြီး ရှုးမိုက်မှုတစ်ခုပုံစံမျိုး လှောင်ပြောင်ထားသဖြင့် တိုယိုတာသည် တက်စလာ လာရှုပ်မည်ကို စိုးရိမ်စရာမလိုတော့။

ဟိုက်ဒရိုဂျင် လောင်စာဆဲလ် နည်းပညာမှာ ဆဲလ်၏ အဖိုငုတ်ဘက်ခြမ်းကို ဟိုက်ဒရိုဂျင်ပေးသည်။ ထိုဟိုက်ဒရိုဂျင်သည် ပရိုတွန်နှင့် အီလက်ထရွန်များ အဖြစ် ကွဲထွက်သွားပြီး အဖိုငုတ်နှင့် အမငုတ်ကြားရှိ အီလက်ထရိုလိုက် ကြားခံများက ပရိုတွန်ကိုသာ ဖြတ်ခွင့်ပေးသည်။ အီလက်ထရွန်များက ပြင်ပ လျှပ်စီးပတ်လမ်းထဲရောက်ပြီး လျှပ်စစ်ထွက်ပေါ်သည်။ အမငုတ်တွင် ပရိုတွန်များသည် အီလက်ထရွန်၊ အောက်ဆီဂျင်တို့နှင့်ပေါင်းကာ ရေဖြစ်သွားသည်။ ထို့ကြောင့် လောင်စာဆဲလ်သမားများက လောင်စာဆဲလ်၏ ဘေးထွက်ပစ္စည်းမှာ ရေသက်သက်ဖြစ်၍ အန္တရာယ်မရှိဟု ဝင့်ကြွားကြခြင်းဖြစ်သည်။

လောင်စာဆဲလ်၏ အားနည်းချက်မှာ ယနေ့တိုင် ဈေးကြီးနေခြင်းဖြစ်သည်။ သို့သော် ခရီးဝေးသွားရာတွင်မူ အလွန်အသုံးဝင်သည်။ ထို့ကြောင့် တိုယိုတာက အိမ်စီးကားများထက် ထရပ်ကားများအပြင် လေယာဉ်များနှင့် သင်္ဘောများအထိ ရည်မှန်းထားခြင်းဖြစ်သည်။

### အနာဂတ် နည်းပညာများ

သုံးရလည်းလွယ်၊ ထုတ်ရလည်းလွယ်၊ တစ်ချိန်တွင် ကုန်သွားမည်ဟု သတိပေးချက်များရှိသော်လည်း ယနေ့တိုင် အလျှံပယ်ရနေသည့် ရုပ်ကြွင်းလောင်စာတို့ကို ထုတ်လုပ်ဖို့လည်းခက်၊ လမ်းသစ်ဖောက်စရာလည်း လိုနေသေးသည့် နည်းပညာသစ်များက အန်တုနိုင်နေကြသည်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ဆိုသည့် ခေါင်းစဉ်ကြောင့်သာဖြစ်သည်။ 'တစ်ချိန်တွင် ရုပ်ကြွင်းလောင်စာများ ကုန်သွားလျှင်'ဆိုသည့် လက်တွေ့ကြုံရမည့်ဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ခြင်းလည်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်အောက်တွင် EV ကားများသည် လုံးဝသန့်ရှင်းနေပြီလား၊ သူတို့လောကစကားနှင့်ပြောလျှင် ကာဗွန်ခြေရာပျောက်ပြီလား ဟုမေးလျှင် ထိုအနေအထားသို့ မရောက်သေးပါ။

လျှပ်စစ်ကားများအတွက် လျှပ်စစ်ကို လေအားလျှပ်စစ်နှင့် နေရောင်ခြည်သုံး လျှပ်စစ်၊ ပင်လယ်ဒီလှိုင်းသုံး လျှပ်စစ်ထုတ်လုပ်ရေးများနှင့် ချိတ်တွဲသုံးလျှင်တော့ တော်တော်လေး ခြေရာပျောက်သွားပြီဟု ဆိုနိုင်သည်။ သို့တိုင် လစ်သီယမ်၊ ကိုဘော့တို့လို မြေရှားသတ္တုများကို ဘက်ထရီထုတ်လုပ်မှုတွင် သုံးနေရသည့်အတွက် သတ္တုတူးဖော်မှုနှင့် သန့်စင်မှုတို့ဘက်သို့ ကြည့်လျှင်မူ ခြေရာလုံးဝပျောက်သွားဖို့ မလွယ်ကြောင်း တွေ့လိမ့်မည်။ ထို့ကြောင့် ဆိုဒီယမ်အိုင်းယွန်းလို ပေါပေါရပြီး ဘေးထွက်ဆိုးကျိုးမရှိသည့် နည်းလမ်းများဖြင့် ဘက်ထရီထုတ်လုပ်ရေးကို စတင်ကြံဆနေကြပြီဖြစ်သည်။

လောင်စာဆဲလ်တွင်လည်း အလားတူပင်။ လက်ရှိဟိုက်ဒရိုဂျင်ကို သဘာဝဓာတ်ငွေ့မှ ထုတ်သည့် နည်းပညာတွင် မီသိန်းဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အများအပြား ထွက်နေသေးသည်။ ထုတ်လုပ်မှုတွင် ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖမ်းထိန်းထားခြင်းဖြင့် သန့်စင်သော ထုတ်လုပ်မှုဖြစ်အောင်လုပ်နိုင်နေပြီ။ သို့သော် ရုပ်ကြွင်းလောင်စာကို အားကိုးနေရဆဲ။ ပြန်ပြည့်မြဲ စွမ်းအင်များမှ ရရှိသည့် လျှပ်စစ်ဖြင့် ကျွန်တော်တို့ ငယ်စဉ်ကတည်းက သိပ္ပံတွင် သင်ခဲ့ရသည့် Electrolysis နည်းကိုသုံးကာ ရေမှ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ကို ခွဲပြီး ထုတ်လုပ်မှုကို များများစားစား ထုတ်လုပ်နိုင်အောင် ကြိုးစားနေကြပြီဖြစ်သည်။ ။

Ref: Daily Mail

# လူငယ်နှင့် တာဝန်သိစိတ်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**ကျောင်းသားလေး ‘ဟန်’သာ တာဝန်သိစိတ်မရှိခဲ့လျှင်၊ ယင်းသို့ သတ္တိရှိရှိနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံပြီးမလုပ်ခဲ့လျှင် သူတို့ရွာလေးမှာ သေလိုက်မည့်လူများ၊ ပျက်လိုက်မည့်အိမ်များ၊ ပျောက်လိုက်မည့် ကျွဲ၊ နွားတိရစ္ဆာန်များဆိုတာ စဉ်းစားဝံ့စရာတောင်မရှိချေ။ သည်လို သတ္တိရှိရှိနှင့် တာဝန်သိတတ်သော လူငယ်များရှိမှသာ နိုင်ငံ၏အနာဂတ်မှာလည်း လှပသာယာနိုင်မည်**

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့် လူမျိုးကို ချစ်ကြသည်။ မိမိနိုင်ငံကို တိုးတက်ချင်ကြသည်။ ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အရေးပါသော ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အညတရတစ်ယောက်ပဲဖြစ်ဖြစ် လူတိုင်း လူတိုင်းသည် မိမိကျရာတာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ဆောင်ရွက်ကြမည်ဆိုလျှင် မိမိနိုင်ငံတိုးတက်ရေး၊ ကြီးပွားရေး၊ ဘေးအန္တရာယ်ကင်းဝေးရေးအတွက် အကျိုးရှိပေမည်။ အလားတူစွာ လူငယ်များသည် အများအကျိုးအတွက် ဆောင်ရွက်လိုသော တာဝန်သိစိတ်ရှိရန် လိုအပ်ပေသည်။ အများအကျိုးအတွက် ဘယ်သူ့ကိုတာဝန်ပေးမှ၊ ဘယ်လိုနေရာမျိုးရမှဆိုသော စိတ်မျိုးမထားဘဲ အမှန်တကယ် တာဝန်သိစိတ်၊ အများအကျိုးလိုလားသောစိတ်ရှိသူများကို လောကကြီးတွင် တွေ့မြင်နိုင်သည်။ လူငယ်များအနေဖြင့် ယင်းသို့သော မြင့်မြတ်သည့် စိတ်ဓာတ်မျိုးကို မွေးမြူရန်လိုအပ်သည်။ သည်လို စိတ်ဓာတ်မျိုးက နိုင်ငံအကြီး၊ အသေး၊ လူမျိုးဆိုသည်များနှင့် မသက်ဆိုင်လှပါ။ လူငယ်များတွင် တာဝန်ယူလိုသောစိတ်ဓာတ်ရှိရန်လိုပြီး မိမိတို့လုပ်ရပ်ဖြင့် သက်သေပြရန်လိုသည်။ မိမိနိုင်ငံအပေါ် တာဝန်သိစိတ်၊ စစ်မှန်သောစိတ်ဓာတ်ကို ပြသနိုင်လျှင် နိုင်ငံအတွက် ကောင်းမွန်သောရလဒ်များကို ရရှိပေမည်။

ဤတွင် ဟော်လန်နိုင်ငံက အညတရလူငယ်လေးတစ်ဦး၏ တာဝန်သိသိ၊ သတ္တိရှိရှိနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်ခဲ့သော ဇာတ်လမ်းလေးကို သတိရမိပါသည်။ သည်နေ့ထိ သူ့ကိုသိနေကြသည်ကတော့ အဆိုပါလူငယ်လေး၏ စိတ်ဓာတ်နှင့် လုပ်ရပ်ပင်ဖြစ်သည်။ ထိုအညတရလူငယ်လေး၏ အမည်မှာ ‘ဟန်’ဖြစ်ပြီး ဟော်လန်နိုင်ငံ၏ ကမ်းရိုးတန်းရွာလေးတစ်ရွာမှဖြစ်သည်။ စင်စစ် ဟော်လန်နိုင်ငံသည် ပင်လယ်နားက မြေပြန့်နိုင်ငံလေးဖြစ်သည်။ အချို့နေရာများတွင် မြေပြင်သည် ပင်လယ်ရေမျက်နှာပြင်ထက်တောင် သိသိကလေး နိမ့်နေတတ်သည်။ ထို့ကြောင့် ဒီရေအတက်အကျဖြစ်ချိန်များတွင် ရေလွှမ်းမိုးမည့်အန္တရာယ်ကို အစဉ်အမြဲ စိုးရိမ်နေရသောနေရာမျိုးဖြစ်သည်။ ရေဘေးအန္တရာယ်ကိုကာကွယ်ရန် ပင်လယ်ကမ်းစပ်တစ်လျှောက်တွင် စို့တွေရိုက်၊ မြေတွေကိုဖို့ပြီး တာရိုးတွေလုပ်ထားရသည်။ ယင်းသို့ ဆောင်ရွက်ထားသည့်တိုင်အောင် ရာနှုန်းပြည့်စိတ်ချရပြီဟု မဆိုနိုင်ချေ။ မုန်တိုင်းထန်ပြီး ရေကြီးပြီဆိုလျှင်ဖြင့် တာရိုးတွေကျိုးပေါက်ပြီး ပင်လယ်ရေတွေ ဒလဟော စီးဝင်လာတတ်သည်။ ယင်းအချိန်အခါမျိုးတွင် မြေပြင်တစ်ခုလုံး ရေပြင်ကြီးလိုဖြစ်သွားပြီး လူတွေသေ၊ အိမ်တွေရေမြုပ်၊ ကျွဲ၊ နွားတိရစ္ဆာန်တွေပျောက်၊ စားသောက်ဖွယ်ရာတွေမရှိဆိုတော့ မည်မျှဒုက္ခရောက်မည်ဆိုတာ စဉ်းစားကြည့်ရုံနှင့် သိနိုင်သည်။

ထို့ကြောင့် ယင်းပင်လယ်ကမ်းစပ်နားက ရွာများသည် တာရိုးများကို အစောင့်အကြပ်နှင့် ဂရုစိုက်ပြီးကြည့်ကြရသည်။ သတိလက်လွတ်နေ၍ မရချေ။ ‘ဟန်’ ဆိုသော လူငယ်လေးသည် ယင်းကမ်းရိုးတန်းနားက ရွာလေးတစ်ရွာမှာ မိဘများနှင့်အတူနေသော ကျောင်းသားလေးတစ်ယောက်ဖြစ်သည်။ သူတို့ရွာက ငယ်လွန်းတော့ စာသင်ကျောင်းမရှိချေ။ ထို့ကြောင့် ဟိုဘက်ရွာကကျောင်းကို လမ်းလျှောက်ပြီး နေ့တိုင်းကျောင်းသွားတက်ရသည်။ ဟိုဘက်ရွာဆိုသည်ကလည်း နှစ်မိုင်ကျော်ကျော် လောက်လမ်းလျှောက်မှ ရောက်သောရွာဖြစ်သည်။

ဆောင်းတွင်းလိုကာလမျိုးက နေ့တာတိုသဖြင့် ‘ဟန်’တစ်ယောက် ကျောင်းဆင်းပြန်လာချိန်တွင် နေဝင်ရီတရောဖြစ်နေသည်။ ‘ဟန်’ကတော့ ထုံးစံအတိုင်း တာရိုးများပေါ်ကနေ လမ်းလျှောက်ပြီး အိမ်သို့ပြန်လာခဲ့သည်။ ဆောင်းတွင်းကာလဖြစ်ရာ လေကလည်းတိုက်သဖြင့် တဖြည်းဖြည်းနှင့် ချမ်းလာသည်။ ရာသီဥတုအေးရသည့်အထဲ ပင်လယ်လှိုင်းသံတွေက တဝုန်းဝုန်းနှင့်ဆိုတော့ လှိုင်းတွေထန်လာလျှင် မုန်တိုင်းကျတော့မည်ဟု ‘ဟန်’က သိနေသည်။ မုန်တိုင်းနှင့်အတူ မိုးပါလာမည်ဆိုတာ ဒီအရပ်မှာမွေး၊ ဒီအရပ်မှာကြီးသော ‘ဟန်’က သိနေပြီဖြစ်သည်။ သည်တော့ ‘ဟန်’က ‘ဘုရားသိကြားမလို့ တာတွေမကျိုးပေါက်ပါစေနဲ့’လို့ စိတ်ထဲက ဆုတောင်းရင်း ခပ်သုတ်သုတ်လေး လျှောက်လာခဲ့သည်။

ရာသီဥတုကအေးရသည့်အထဲ ဗိုက်ကလည်း ဆာလာတော့ ‘ဟန်’ တစ်ယောက် အိမ်သို့မြန်မြန်ရောက်ချင်လှပြီ။ အိမ်ရောက်လို့ကတော့ ထမင်းအဝစားပြီး စောင်ခြုံကွေးနေလိုက်ရရင် ဇိမ်ပဲလို့လည်း စဉ်းစားလိုက်သေးသည်။ ယင်းသို့ စိတ်ကူးပြီး ခြေလှမ်းကို ပိုမြန်လိုက်ပါမှ လမ်းကွေ့တစ်နေရာရောက်တော့ ရေတွေတော်တော်များများ အိုင်နေတာတွေ့လိုက်ရသည်။ သည်အခါ ‘ဟန်’လည်း ခဏရပ်ကြည့်ပြီး စဉ်းစားလိုက်သည်။

“မိုးလည်းမရွာသေးပါဘူး။ ဒီရေတွေ ဘယ်ကလာတာပါလိမ့် ...”

ခဏအကြာတွင် သူသည် တာရိုးနားကို ကမန်းကတန်းပြေးသွားပြီး ကြည့်လိုက်သည်။ သူထင်ထားသည့်အတိုင်းပါပဲ။ တာရိုးဘေးက အပေါက်သေးသေးလေးတစ်ပေါက်ကနေ ရေတွေစိမ့်ထွက်နေတာကို တွေ့လိုက်ရသည်။ ဤအတိုင်းသာဆိုလျှင်တော့ ဒီအပေါက်ဟာ တဖြည်းဖြည်းကြီးလာပြီး တာရိုးကျိုးတော့မှာပဲ။ ဒီတာရိုးသာကျိုးလို့ကတော့ .... အလိုလေး ဘုရားရေ....။ ‘ဟန်’တစ်ယောက် ဆက်လက်မတွေးရဲတော့ချေ။

သို့နှင့် ‘ဟန်’လည်း ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားရင်း ဘေးဘီကို လှည့်ကြည့်လိုက်သည်။ ကျောက်ခဲကြီးကြီးများတွေ့လို့တွေ့ငြား၊ တွေ့ရင်လည်း ယင်းအပေါက်ကို ကျောက်ခဲနှင့် ဆို့ထားလိုက်ရင် ခဏတော့ ရေစီးသက်သာမှာပဲလို့ သူစဉ်းစားမိသည်။ သို့သော်လည်း အနီးအနားတွင် ဘာကျောက်ခဲတစ်လုံးကိုမှ မတွေ့ရချေ။ အကူအညီတောင်းဖို့ကလည်း အနီးဝန်းကျင်တွင် လူရိပ်တောင်မတွေ့ရချေ။

“အဲဒါမှ ဒုက္ခပဲ .....ဘယ်လိုလုပ်ရပါ့”

‘ဟန်’စဉ်းစားနေရင်း နောက်ဆုံးတွင် ‘ဟန်’သည် ကြံရာမရဖြစ်တာနဲ့ မထူးပါဘူးဆိုပြီး ရေစိမ့်ထွက်နေသောအပေါက်ထဲကို သူ့လက်ထိုးထည့်ပြီး ပိတ်ကြည့်လိုက်သည်။ အပေါက်က သူ့လက်ကလေးနှင့်အံကိုက်ဖြစ်နေတော့ ရေတွေထပ်စီးမကျလာတော့ချေ။ ထို့နောက် ‘ဟန်’လည်း အကူအညီမလာမချင်းတော့ သူ့လက်ကိုမထုတ်ဘဲ ဆို့တားလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအချိန်တွင် လေကလည်း ပိုတိုက်လာသလို လှိုင်းတွေကလည်း ပိုထန်လာသည်။ ‘ဟန်’လည်း တဖြည်းဖြည်း ပိုအေးလာပြီး တုန်တောင်လာသည်။ ထမင်းကလည်းဆာတော့ ပင်ပန်းလာသည်။

“ဘယ်လောက်ပဲ ဆာဆာ၊ ဘယ်လိုပဲ ပင်ပန်းပင်ပန်း၊ ငါ့လက်ကိုတော့ ထုတ်လို့မဖြစ်သေးဘူး။ တစ်ယောက်ယောက်လာမှပဲ ထုတ်လို့ရမှာ”ဆိုပြီး ‘ဟန်’တစ်ယောက် စိတ်အားတင်းလိုက်သည်။

ဟန်၏မိဘများကလည်း အချိန်တန်လို့ ‘ဟန်’ အိမ်ပြန်မရောက်သေးတာကြောင့် စိတ်ပူနေသည်။ ဒီနေ့မှ မိုးကလည်းမှောင်ပြီး လေတွေကလည်း တိုက်ဆိုတော့ ပိုမိုစိုးရိမ်လာကြသည်။ သည်လိုနှင့် နောက်ဆုံးတော့ ‘ဟန်’၏ အဖေသည် မီးတုတ်တစ်ချောင်းဆွဲပြီး သူ့သားပြန်လာနေကျလမ်းအတိုင်း လိုက်သွားတော့သည်။ အတော်ကြာသွားမိသောအခါ လမ်းမှာ ရေစပ်စပ်ကလေး တွေ့လာရသည်။

“မီးတုတ်နဲ့ဆရာကြီး၊ ဒီကိုလာပါဗျို့” ဆိုသော အော်သံသဲ့သဲ့ကိုလည်း ကြားလိုက်ရသည်။ ထို့ကြောင့် ‘ဟန်’၏အဖေသည် ပိုမိုစိုးရိမ်လာပြီး အသံကြားရသောဘက်ကို သုတ်ခြေတင်လိုက်သည်။ အနားရောက်၍ မီးတုတ်နှင့် သေချာကြည့်လိုက်တော့ အော်ခေါ်တာ သူ့သား ‘ဟန်’ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ စကားမပြောနိုင်လောက်အောင် အံ့ဩနေသော သူ့ဖခင်ကိုကြည့်ပြီး ‘ဟန်’က ပြောလိုက်သည်။

“အဖေ၊ ဘာမှမေးမနေနဲ့ဦး။ ရွာကိုမြန်မြန်ပြန်ပြီး ရွာသားတွေခေါ်ခဲ့ပါ။ တာရိုးက ပေါက်တော့မယ်။ မြန်မြန်လုပ်ပါ အဖေရယ်”

သည်အခါ ဖခင်ဖြစ်သူက သူဝတ်လာသော အနွေးထည်အဟောင်းလေးကိုချွတ်ပြီး သူ့သားကိုယ်ပေါ်ခြုံပေးလိုက်ကာ ရွာသို့ အမြန်ပြေးတော့သည်။ ခဏအကြာတွင် ဟန်၏အဖေနှင့်အတူ ရွာသားများသည် ပေါက်တူး၊ ပေါက်ပြား၊ တူရွင်းများနှင့် တာရိုးဆီသို့ ရောက်လာခဲ့ကြသည်။ သူတို့တွေအတူရောက်မှ ဟန်လည်း သူ့လက်ချောင်းကို တာရိုးအပေါက်ထဲက ဆွဲထုတ်နိုင်ခဲ့သည်။ ရွာသားများလည်း တစ်ယောက်တစ်လက်နှင့် ဝိုင်းဖို့လိုက်ကြတော့ ခဏလေးနှင့် တာရိုးက ရေယိုသောအပေါက်သည် စိတ်ချလက်ချ ဖြစ်သွားတော့သည်။

ကျောင်းသားလေး ‘ဟန်’သာ တာဝန်သိစိတ်မရှိခဲ့လျှင်၊ ယင်းသို့ သတ္တိရှိရှိနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံပြီးမလုပ်ခဲ့လျှင် သူတို့ရွာကလေးမှာ သေလိုက်မည့်လူများ၊ ပျက်လိုက်မည့်အိမ်များ၊ ပျောက်လိုက်မည့် ကျွဲ၊ နွားတိရစ္ဆာန်များဆိုတာ စဉ်းစားဝံ့စရာတောင်မရှိချေ။ သည်လိုသတ္တိရှိရှိနှင့် တာဝန်သိတတ်သော လူငယ်များရှိမှသာ နိုင်ငံ၏ အနာဂတ်မှာလည်း လှပသာယာနိုင်မည်ဖြစ်သည်။ ။

(၁၉-၁၁-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

# အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားသမားများ၏ တည်းခိုဆောင်များနှင့် နေထိုင်စားသောက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း (ရွာတော်)သို့ သွားရောက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားသမားများ တည်းခိုမည့် တည်းခိုဆောင်များ ခင်းကျင်းထားရှိမှု၊ ဆပ်ကော်မတီအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ချက်ပြုတ်ကျွေးမွေးမှုများနှင့် ချက်ပြုတ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိလာသည့် ကချင်ပြည်နယ်အသင်းမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် စားသောက်ဆိုင်များတွင် အားကစားသမားများအတွက် နေ့စဉ်သုံးပစ္စည်းများနှင့် အဆာပြေ အစားအသောက်များရောင်းချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု ဖြေရှင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တာချီလိတ် နိုဝင်ဘာ ၂၅

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု ညစ်ညမ်းမှုဖြေရှင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ 1G1-11 ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အမှာစကားပြောကြားသည်။ ထို့နောက် Thailand Environment Institute Foundation (TEI) မှ ကျွမ်းကျင်ပညာရှင် Dr. Supat Wangwong-watana က မြန်မာ-ထိုင်း နယ်စပ်ဒေသတစ်လျှောက် Fire Hotspot ဖြစ်ပေါ်ခဲ့မှု၊ လေထုညစ်ညမ်းမှု၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု၊ နွေရာသီကာလ Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ထက်၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ခေတ္တစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု စီမံထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံမှ Dr. Supat Wangwongwa-tana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

သန်းတင်အောင်(ကြေးမုံ)

# ပဲခူးမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

ပဲခူး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်းရှိဒေသခံပြည်သူများ နေ့စဉ်နေထိုင်စားသောက်ရေး အထောက်အကူဖြစ်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ရည်ရွယ်ပြီး အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို သက်သာသောဈေးနှုန်းဖြင့် ယနေ့ညနေပိုင်းတွင် ပဲခူးမြို့နယ် ရွာသစ်ရပ်ကွက်၌ စနစ်တကျရောင်းချပေးခဲ့သည်။

**စီမံဆောင်ရွက်ပေး**

ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ပေးသည်။

ယနေ့ရောင်းချပေးသည့် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်တစ်ပြည် ကျပ် ၃၀၀၀၊ ဆီတစ်ပိဿာ ကျပ် ၇၆၀၀၊ ကြက်ဥတစ်လုံး ကျပ် ၃၃၀၊ ဘဲဥတစ်လုံး ကျပ် ၄၅၀ နှုန်းဖြင့် ဒေသခံပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



# မိုးညိုမြို့နယ်၌ ကွက်ကျယ်စံပြကွက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

မိုးညို နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စွာထွက်ရှိနိုင်ရန် အကွက်ကျယ် စံပြကွက်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မိုးညိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် အထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်ရမည့် နည်းပညာများ၊ စိုက်ပျိုးရေးဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူး ဒေါ်ညိုညိုသိမ်းက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ သာယာဝတီခရိုင် ဆီထွက်သီးနှံဇုန်တာဝန်ခံ ဦးအောင်တင်ထွန်းက နှမ်းသီးနှံ ပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ်များ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကေသွယ်ဝင်းက မျိုးကောင်းမျိုးသန့် သုံးစွဲရေးနှင့် တောင်သူများ တစ်ပိုင်တစ်နိုင် မျိုးထိန်းသိမ်းရေးနည်းပညာများနှင့် ခရိုင်မြေအသုံးချ တာဝန်ခံ ဦးသော်ဆန်းမင်းက မြေဆီလွှာနှင့်သီးနှံများ အာဟာရဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မြန်မာ - တရုတ် “M. C. Song” တရုတ်သီချင်းဆိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**တာမွေ နိုဝင်ဘာ ၂၅**

ဂီတမှတစ်ဆင့် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကို ဂုဏ်ပြုသောအားဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးကို တိုးမြှင့်စေရန်နှင့် ယဉ်ကျေးမှုကို နားလည်သဘောပေါက်ရန်၊ စင်မြင့်ထက်တွင် မိမိတို့၏ အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် ကျင်းပသည့် မြန်မာ – တရုတ် "M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်ကုန်မြို့ရှိ Times City Jewellery Mall ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**သီဆိုဖျော်ဖြေ**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ယဉ်ကျေးမှုဌာန ဌာနမှူး မစ္စတာလီချန်းကော်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများက ပြိုင်ပွဲဝင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူလေးများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



မြန်မာ-တရုတ် "M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အစောပိုင်းတွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တရုတ်ဘာသာသင်ကြားရေးစင်တာများ၌ ပဏာမပြိုင်ပွဲများကို ဆက်တိုက်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်များ၏ တင်ဆက်မှုများကို သေချာစွာ အကဲဖြတ်ပြီးနောက် မူလတန်းအဆင့်မှ ၃၉ ဦး၊ အလယ်တန်းအဆင့်မှ ၄၀ နှင့် အထက်တန်းအဆင့်မှ ၃၇ ဦးတို့ကို နောက်ဆုံးဆန်ခါတင်အဖြစ် ရွေးချယ်ခဲ့သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပခဲ့ပြီး Grand Final ဖျော်ဖြေပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က Times City Jewellery Mall ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

"M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် Center for Language Education and Cooperation က ကြီးမှူး၍ ရန်ကုန် Bowen School က တာဝန်ယူကျင်းပခြင်းဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၊ ရွှေဓာမဏီဂျာနယ်တိုက်၊ မြန်မာနိုင်ငံ (တရုတ်) ယူနန်ကုန်သည်ကြီးများအသင်း၊ တရုတ်နိုင်ငံ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (မြန်မာနိုင်ငံရုံး)၊ မြန်မာ – တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ တရုတ်စာပန်းချီနှင့် ပန်းချီအသင်းအဖွဲ့၊ FSSL (MYANMAR) SERVICES LIMITED နှင့် အခြားအဖွဲ့အစည်းများက ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# မန္တလေးဈေးကွက်အတွင်း ရှမ်းပဲပုပ်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၅**

ယခုရာသီတွင် မန္တလေးဈေးကွက်အတွင်းသို့ တောင်ပေါ်ဒေသမှ ထွက်ရှိလာသည့် ရှမ်းပဲပုပ်များ လှိုင်လှိုင်ဝင်ရောက်လာကာ ဈေးနှုန်းကောင်းမွန်ပြီး အရောင်းအဝယ်များသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ မိုးမိတ်၊ မိုးညင်း စသည့်ဒေသတို့မှ ထွက်ရှိလာသည့် ရှမ်းပဲပုပ်များ ဝင်ရောက်လာကြောင်း၊ ယင်းပဲပုပ်များသည် ရိုးရိုးဗမာပဲပုပ်နှင့် ရှမ်းပဲပုပ်ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း၊ ယခုဈေးကွက်အတွင်း၌ ရှမ်းပဲပုပ်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ မှ ၄၀၀၀၀၀ ထိ ပေါက်ဈေးရှိပြီး ဗမာပဲပုပ် ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ဈေးအထိရရှိကာ အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ၂၀၂၄ ခုနှစ်အတွက် ပဲပုပ်အသစ်တွေ ဝင်ရောက်လျက်ရှိပါတယ်။ ရှမ်းပဲပုပ်ကို ပဲနို့၊ ပဲပြားတို့အပြင် တရုတ်ပဲပုပ်စေ့အဖြစ်လည်းလုပ်ပြီး စားသုံးကြတာတွေ့ရပါတယ်။ ဗမာပဲပုပ်အနေနဲ့ ပဲပုပ်လုပ်ပြီး စားသုံးကြတာတွေ့ရပါတယ်။ ၂၀၂၄ ခုနှစ် ကုန်ခါနီးမှာ ဗမာပဲပုပ်က ဈေးကွက်ထဲမှာ မျိုးလောက်ပဲရှိတော့တယ်။ ရှမ်းပဲပုပ်တွေကတော့ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ပြည်တွင်းစားသုံးမှုကို အဓိကထားပြီး စိုက်ပျိုးထုတ်လုပ်ပါတယ်။ ဒီနှစ်မှာ ရှမ်းပဲပုပ်က ရာသီဥတုသင့်တင့်ပြီး ပိုးမွှားကင်းစင်တာကြောင့် အထွက်နှုန်းကောင်းပါတယ်။ ဝင်ရောက်လာတဲ့ ရှမ်းပဲပုပ်တွေကို ဆီစက်တွေက ဆီအဖြစ်ကြိတ်ခွဲပြီး ဈေးကွက်အတွင်းမှာ ရောင်းချပေးနေပါတယ်။ ဆီအဖြစ်ကြိတ်ခွဲပြီး ထွက်ရှိလာတဲ့ ပဲဖတ်တွေကိုလည်း တိရစ္ဆာန်အစာအဖြစ်ရောင်းချရာမှာ ဝယ်လိုအားကောင်းတာကြောင့် ဈေးကောင်းရရှိပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ ပဲပုပ်များအနက် ရိုးရိုးဗမာပဲပုပ်များကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးပြီး ရှမ်းပဲပုပ်များကို ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ကချင်ပြည်နယ် ကလေး၊ တမူး၊ ကဘော်ချိုင့်ဝှမ်း စသည့် ဒေသတို့တွင် စိုက်ပျိုးထွက်ရှိလာကြောင်း၊ ယခုအချိန်ထွက်ရှိလာသည့် ပဲပုပ်များအနေဖြင့် ဈေးကောင်းရရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကသာမြို့၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ကသာ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားအုန်းဆီများ ရောင်းချရာတွင် လူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကသာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။ စားအုန်းဆီရောင်းချပေးနေမှုကို ခရိုင်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားအုန်းဆီ ရောင်းချပေးခြင်းကို ကသာခရိုင်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့နှင့် မြို့နယ်ကုန်သည်ကြီးများအသင်းက ယနေ့တွင် စားအုန်းဆီများ ရောင်းချပေးလျက်ရှိရာ ကသာမြို့နယ်အတွင်းရှိ ဝန်ထမ်းများအား ၁၉ ကြိမ်၊ ဒေသခံပြည်သူများအား ၂၇ ကြိမ်၊ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား တစ်ကြိမ်၊ မြို့ပေါ် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သုံးကြိမ် စုစုပေါင်း အကြိမ် ၅၀ ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**

# သာကေတမြို့နယ်၌ ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချ

**သာကေတ နိုဝင်ဘာ ၂၅**

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် သုမနလမ်းရှိအမှတ်(၂) ဈေးတွင် ယနေ့နံနက်ပိုင်းက (Fresh Egg Trading)ကုမ္ပဏီ ဈေးကားဖြင့် ပြည်သူများအား ကြက်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ အများပြည်သူများမှ ဈေးနှုန်းသက်သာစွာဖြင့် ကြက်ဥများ ဝယ်ယူနိုင်ရေးအတွက် ကြက်ဥ တစ်လုံး ငွေကျပ် ၃၈၀ နှုန်း၊ တစ်ဦးလျှင် ၁၀ လုံးနှုန်းဖြင့် အလုံး ၁၂၀၀၀ ကို ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၂)ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**❒ ရန်ကုန်တိုင်းဒေသကြီးမှ**

မတ်ပဲနှင့် ပဲတီစိမ်း ဧက ၄၀၀၀၀၀ ကျော်၊ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာကို ဧက ၂၀၀၀၀ ခန့် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ထို့အတူ ဆည်ရေရရှိသော စိုက်ခင်းများတွင် နွေစပါး ဧက ၂၅၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“မိုးစပါးစိုက်ခင်းတွေ အောင်မြင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နဲ့ အဖွဲ့အစည်းတွေက မျိုးစပါး၊ သွင်းအားစုတွေကို သီးနှံပြန်ပေါ်ပေးစနစ်နဲ့ ပံ့ပိုးဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် မိုးစပါး အဆင်ပြေစွာ စိုက်ပျိုးရိတ်သိမ်းနိုင်တယ်။ ဆက်လက်ပြီး တောင်သူတွေ အကျိုးစီးပွား ဖြစ်ထွန်းဖို့အတွက် ဆောင်းသီးနှံနဲ့ နွေစပါးမှာ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်ဖို့ ကြိုးပမ်း ဆောင်ရွက်သွားမှာပါ”ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများ အဆင်ပြေစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# ဆောင်းရာသီအတွက် အကောင်းဆုံးဓာတ်စာ အချဉ်စားပါ

**ပေါက်ပေါက်**

တစ်မိုးကုန်၍ တစ်ဆောင်းသစ်ပြန်ပါပြီ။ ရှေးလူကြီးများက သက်ရှည်ကျန်းမာစွာနေနိုင်ရန်အတွက် "၁၂ လရာသီပတ်လုံး ကျန်းမာချင်သလား၊ နွေအချို၊ မိုးအခါး၊ ဆောင်းအချဉ်စား"ဟု မိန့်ဆိုထားပါသည်။ ၎င်းဆိုရိုးစကားကို ကြည့်ခြင်းအားဖြင့် ကျွန်မတို့မြန်မာပြည်သူ ပြည်သားများသည် ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်ကတည်းက ကျန်းမာရေးဗဟုသုတ အသိအမြင်ခေတ်မီကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ဆောင်းရာသီဓာတ်စာအဖြစ် အချဉ်အရသာရှိသော အစားအစာများကို များများစားပေးသင့်ပါသည်။

### အချဉ်အရသာမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ

အချဉ်အရသာကို ဆေးသိပ္ပံနည်းအရ သရုပ်ဖော်ကြည့်မည်ဆိုပါက solid ခေါ် အစိုင်အခဲဓာတ်နှင့် fire ခေါ် အပူဒြပ်စင်တို့ ပေါင်းစပ်ထားကြပါသည်။ တစ်နည်းဆိုသော် အချဉ်ဓာတ်သည် မြေကြီးဒြပ်စင်တစ်မျိုးဖြစ်သည်။

အချဉ်ဓာတ်သည် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေရုံသာမက အသည်းနှင့် ဆီးအိမ်ကို ကျန်းမာစေသည့်အပြင် မိမိစားသုံးလိုက်သော အစားအသောက်များထဲရှိသတ္တုဓာတ်များကို အလွယ်တကူစုပ်ယူနိုင်ပြီး ခန္ဓာကိုယ်၏ တစ်သျှူးများကို သန့်စင်ပေးသည်။ သံပရာသီး၊ ရှောက်သီး၊ သံပရိုသီး၊ နာနတ်သီး၊ ပန်းသီး၊ မန်ကျည်းသီး၊ သစ်တော်သီး၊ ဒိန်ချဉ်၊ ချဉ်သောကရင်မ်၊ ပဲငါးပိအချဉ်ရည်၊ ရှလကာရည် စသည့် အချဉ်အရသာတို့ကို စားသုံးခြင်းဖြင့် လူသားတို့၏ ခန္ဓာကိုယ်နှင့် စိတ်အာရုံတွင် ရရှိစေနိုင်မည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သွားရည်ယိုလာသောကြောင့် ခံတွင်းခြောက်သွေ့ခြင်းကို မဖြစ်စေပါ။ (ခ) တံတွေးထွက်လာသောကြောင့် ပါးစပ်နှင့် ခံတွင်းတို့၏ ဇီဝဖြစ်စဉ်ကို ကောင်းစွာအလုပ်လုပ်စေပါသည်။ (အထူးသဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခံတွင်းနှင့် အာခေါင်ထဲသို့ ဝင်ရောက်ပျံ့နှံ့လာသော ကိုရိုနာဗိုင်းရပ်စ်များအပြင် ရာသီတုပ်ကွေး H1N1 ပိုးတို့ကိုပါ ရှင်းလင်းသုတ်သင်ပေးနိုင်သည်) (ဂ) ချွေးထွက်စေခြင်း။ (ဃ) သွားအခေါင်းပေါက်များကို သန့်စင်စေခြင်း။ (င) အချဉ်အရသာကို မျိုချလိုက်သည့်အခါ ခံတွင်းနှင့် လည်ချောင်းတစ်လျှောက် ပူနွေးစိုစွတ်စေခြင်း။ (စ) လျှာကို နိုးကြားတက်ကြွလာစေခြင်း။ (ဆ) ခံတွင်းမြိန်နှုတ်မြိန်စေခြင်း။ (ဇ) အအီပြေစေခြင်း။ (ဈ) စိတ်ကို သက်သောင့်သက်သာ ဖြစ်လာနိုင်ခြင်း။ (ည) အရသာခံအာရုံကို တိုးတက်လာစေခြင်း။ (ဋ) အစာကြေညက်စေခြင်း။ (ဌ) ခန္ဓာကိုယ်တွင်း ကလီစာများကို ခြောက်သွေ့ခြင်းမဖြစ်စေခြင်း။ (ဍ) နှလုံးကျန်းမာစေခြင်း။ (ဎ) အရိုးအားကောင်းစေခြင်း။ (ဏ) သွေးယိုစီးခြင်းမှ ကာကွယ်ပေးခြင်း။ (တ) ဆီးရွှင်စေခြင်းနှင့် (ထ) အာဟာရဖြစ်စေပါသည်။

### ရှောက်သီး၊ သံပရာသီးများနှင့် အာဟာရတန်ဖိုး

အထူးသဖြင့် ဆစ်ထရစ်အက်စစ်ဓာတ်ကြွယ်ဝသည့် သံပရာသီးနှင့် ရှောက်သီးတို့သည် ခန္ဓာကိုယ်အလေးချိန်ကို ကျစေခြင်း၊ အသားအရေကြည်လင်စေခြင်း၊ မျက်စိကောင်းခြင်း၊ အစာမြန်မြန်ကြေညက်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်းဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ပြင် အသက်ရှူလမ်းကြောင်းကို သက်သောင့်သက်သာဖြစ်စေ၍ ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးအပါအဝင် ရာသီဖျားနာကူးစက်ရောဂါပိုးများအန္တရာယ်မှ ကာကွယ်ပေးပါသည်။ ထို့ပြင် ၎င်းအချဉ်သီးများက ဆီးရောဂါအမျိုးမျိုးနှင့် အသားအရေ ပြဿနာဖြစ်ခြင်းတို့မှလည်း ကာကွယ်ပေးနိုင်ပါသည်။



### ဒိန်ချဉ်နှင့် အာဟာရတန်ဖိုး

ဒိန်ချဉ်ကို များသောအားဖြင့် နွားနို့ သို့မဟုတ် ကျွဲနို့ဖြင့် ပြုလုပ်လေ့ရှိကြပါသည်။ ဒိန်ချဉ်ထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝသည့်အပြင် probiotic (ခေါ်) ခန္ဓာကိုယ်အကျိုးပြု ဗက်တီးရီးယားများပါရှိ၍ နေ့စဉ် ဒိန်ချဉ် ၁၀၀ ဂရမ် သောက်သုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေခြင်း၊ အဆီနည်းသော ဒိန်ချဉ်သောက်သုံးပေးခြင်းဖြင့် အဆစ်အမျက်ရောင်ရောဂါနှင့် ဂေါက်ရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေခြင်း၊ အမျိုးသမီးများ ယောနိကို သန့်စင်ပေးပြီး ယောနိအင်္ဂါမှိုစွဲခြင်း သို့မဟုတ် အဖြူဆင်း၍ ယားယံခြင်းမှကာကွယ်ပေးခြင်း၊ အမျိုးသမီးများ ဓမ္မတာလာစဉ် ဒိန်ချဉ်သောက်ခြင်းဖြင့် ကိုက်ခဲနာကျင်မှုဝေဒနာများ သက်သာစေခြင်း၊ ပဋိသန္ဓေတားဆေးမှီဝဲသော အမျိုးသမီးများ ဟော်မုန်းထွက်ရှိမှု မျှတစေခြင်း၊ ဒိန်ချဉ်ထဲရှိ လက်တစ်အက်စစ်သည် ခံတွင်းထဲရှိဗက်တီးရီးယားပိုးမွှားများကိုသေစေ၍ ခံတွင်းရနံ့ဆိုးများကိုလည်း ပြေပျောက်စေသည့်အပြင် သွားနှင့် သွားဖုံးတို့ကိုပါ ကျန်းမာစေခြင်း၊ အသက် သုံးနှစ်အရွယ် ကလေးငယ်များကို ဒိန်ချဉ်တိုက်ကျွေးခြင်းဖြင့် သွားများပေါ်တွင် အလွှာတစ်ထပ်ဖုံးစေကာ သွားပိုးစားမှုသက်သာ၍ ခိုင်ခံ့လာစေခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ပြင် အစာအိမ်နှင့် အူကို ကောင်းကျိုးပြုစေ၍ ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်များသာမက ရာသီဖျားနာတုပ်ကွေးဖြစ်စေသော ကူးစက်ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်တတ်သည့် ဗိုက်နာ၊ ဗိုက်အောင့်၊ ဝမ်းပျက်၊ ဝမ်းသွားခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေပါသည်။ ထို့ကြောင့် ဒိန်ချဉ်သည် အရွယ်သုံးပါးမရွေး ကောင်းကျိုးပြုစေနိုင်သောကြောင့် ကမ္ဘာ့အကောင်းဆုံးအစားအစာ ၁၀ မျိုးစာရင်းထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း WHFoods မှ အကြံပြုထားပါသည်။

### ရှလကာရည်နှင့် အာဟာရတန်ဖိုး

ထမင်းမစားမီ ရှလကာရည်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း ပုံမှန်သောက်ပေးသင့်ပါသည်။ ရှလကာရည်သည် သွေးတွင်းသကြားဓာတ်တို့ကို အချိန်ကြာကြာ တည်ငြိမ်စေသောကြောင့် ကိုယ်အလေးချိန်လျော့ကျအောင် ကူညီပေးသကဲ့သို့ အစားစားချင်စိတ်ကို ထိန်းချုပ်ပေးနိုင်ပါသည်။ ထို့ပြင် ရှလကာရည်ထဲတွင်ရှိသည့် သဘာဝဗီတာမင်၊ သတ္တုဓာတ်နှင့် အင်ဇိုင်းဓာတ်များက သွေးလှည့်ပတ်မှုစနစ်ကို လှုံ့ဆော်ပေးပြီး အသည်းတွင် အဆိပ်ခြေဖျက်သည့်စနစ်ကိုပါ အကူအညီပေးပါသည်။ အစာစားတိုင်း ရှလကာရည်ထည့်စားပေးခြင်းဖြင့် အစာကြေညက်လွယ်သည့်အပြင် နာတာရှည်ရင်ပူဝေဒနာကိုလည်း သက်သာစေပါသည်။ ကြက်သွန်နီကို ထက်ခြမ်းခြမ်း၍ ဖန်ပုလင်းထဲထည့်ကာ ရှလကာရည်မြုပ်အောင် တစ်ညသိပ်စိမ်၍ အဖုံးလုံအောင်ဖုံးပြီးနောက် ထမင်းစားသည့်အခါတိုင်း ၎င်းကြက်သွန်နီကို ထည့်စားပေးခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးများ၊ ရာသီတုပ်ကွေးရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော Dengue Virus ပိုးများအန္တရာယ်အတွက်ကိုလည်း ကြိုတင်ကာကွယ်ရာရောက်ပါသည်။ ထို့ပြင် ငါးဟင်းလျာစားပြီး ငါးရိုးစူးသည့်အခါ ရှလကာရည်တစ်ပန်းကန် (အကြမ်းပန်းကန်) တစ်လုံးစာ သောက်ချပေးနိုင်ပါသည်။ ဖောက်ထ၍ ယားယံသော ဦးရေပြားအတွက်ကိုလည်း ရှလကာရည်နှင့် ရေအေးတို့ ဆတူရော၍ ဦးရေပြားအနှံ့နှိပ်နယ်လိမ်းကျံပြီး မိနစ်အနည်းငယ်အကြာ ရေဖြင့်လောင်းချပြီးနောက် ပုံမှန်သုံးနေကျ ခေါင်းလျှော်ရည်ဖြင့် စင်အောင်လျှော်ပေးသင့်ပါသည်။

### အချဉ်လွန်ကဲခြင်း၏ အပြစ်များ

အထက်ဖော်ပြပါ အချဉ်အရသာရှိသော အစားအစာများအပြင် ကီဝီသီး၊ မာလကာသီး၊ ချဉ်သော လိမ္မော်သီး၊ စတော်ဘယ်ရီသီး၊ ပန်းငရုတ်ပွ၊ ကိုက်လန်၊ ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း (ဘရိုကိုလီ)၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ အစိမ်းရောင်ပဲသီးအမျိုးမျိုးတို့မှာလည်း ဗီတာမင်စီဓာတ်တို့ကို လုံလောက်စွာ ရရှိနိုင်ပါသည်။ သို့သော် အရွယ်ရောက်ပြီးသူတစ်ယောက်အတွက် တစ်နေ့တာ ဗီတာမင်စီ လိုအပ်ချက်ပမာဏမှာ ၄၅ မှ ၆၀ မီလီဂရမ်ဖြစ်ပါသည်။ အကယ်၍ လိုအပ်ချက်ပမာဏထက်ပို၍ အချဉ်ဓာတ် (ဗီတာမင်စီ)ကို ပို၍စားသုံးမိပါက ကျောက်ကပ်ကိုထိခိုက်စေခြင်း၊ အမျိုးသားများတွင် အရည်အသွေးညံ့သော သုက်ပိုးကောင် သုက်ရည်ထွက်ရှိခြင်း၊ အသည်းကို လွန်စွာအလုပ်လုပ်စေသောကြောင့် အသည်းကိုထိခိုက်လာခြင်း၊ ရေငတ်ခြင်း၊ ရင်ပူခြင်းများ ဖြစ်စေနိုင်၍ အချဉ်ဓာတ်ကို လွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

### လူနာနှင့် အချဉ်အစားအစာများ

ထိခိုက်ဒဏ်ရာရ၍ အနာချုပ်ထားရသူများ၊ ခွဲစိတ်ခံထားရသူများအပါအဝင် အရိုးပျော့ရောဂါ၊ သွေးအားနည်းရောဂါ စသည့်ဝေဒနာသည်များကို အနာမြန်မြန်ကျက်စေရန်သော် လည်းကောင်း၊ သွေးထဲရှိ ကိုယ်ခံစွမ်းရည်သတ္တိကို မြှင့်ခြင်းဖြင့် ဝေဒနာမြန်မြန်ပျောက်ကင်းအောင် သော်လည်းကောင်း ရည်ရွယ်၍ ဆရာဝန်များက "အချဉ်များများစားပါ"ဟု ညွှန်ကြားလေ့ရှိပါသည်။ အချဉ်ဆိုသည်မှာ ရှောက်သီး၊ သံပရာသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ဆီးဖြူသီး၊ ဆီးသီး၊ သရက်သီး စသဖြင့် အမျိုးမျိုးရှိကြရာ ရာသီမရွေး အလွယ်တကူရရှိနိုင်သော အချဉ်သီးမှာ ရှောက်သီးနှင့် သံပရာသီးတို့ဖြစ်ကြပါသည်။ ထိုနည်းတူစွာပင် ဆရာဝန်များ အများဆုံးရည်ညွှန်းပြောကြားလေ့ရှိသော အချဉ်ဆိုသည်မှာလည်း ရှောက်သီးနှင့် သံပရာသီးတို့ပဲဖြစ်ပါသည်။

လူနာများကြောက်ကြသည်မှာ "အနာရှိသူများ အချဉ်စားလျှင် မေးခိုင်လိမ့်မည်" "ဖျားနေသူများ အချဉ်စားလျှင် ငန်းဝင်လိမ့်မည်" "အင်္ဂလိပ်ဆေးစားထားလျှင် တစ်နေ့တာလုံး အချဉ်မစားနဲ့"ဟူ၍ လူနာ ၁၀၀ တွင် ပျမ်းမျှ ၉၀ ခန့်က ဤသို့ ပြောနေကြသည်ကို ကြားသိရပါလိမ့်မည်။ သို့တည်းမဟုတ် သင် (စာဖတ်သူ)ကိုယ်တိုင် ထင်မြင်ယူဆနေပါလိမ့်မည်။ ထိုကိစ္စနှင့်ပတ်သက်၍ လွန်ခဲ့သော အနှစ် ၂၀ ခန့်တွင် နိုင်ငံတကာကျန်းမာရေးသုတေသီများ၏ လေ့လာစမ်းစစ်မှုမှတ်တမ်းများအရ အနာပေါက်စဉ် အချဉ်စားလျှင် အနာမြန်မြန်ကျက်လွယ်ကြောင်း၊ ခွဲစိတ်ခံထားရသူများ အချဉ်စားလျှင် ချုပ်ရိုးမြန်မြန်ကျက်စေကြောင်း၊ ဖျားနာနေစဉ် (အပူဒီဂရီမည်မျှပင်ရှိစေကာမူ) အချဉ်စားလျှင် ကိုယ်ခံစွမ်းရည်မြင့်မားလာပြီး မြန်မြန်အဖျားပျောက်စေကြောင်း၊ အရိုးပျော့ရောဂါမဖြစ်ရန်၊ သွားများခိုင်ခံ့ရန်နှင့် သွေးအားနည်းရောဂါ၊ သွေးတိုးရောဂါ၊ ရင်တုန်၍ မောပန်းလွယ်သောရောဂါများမှ ကင်းဝေးလိုလျှင် အချဉ်ဖျော်ရည် သို့မဟုတ် အသီးတစ်မျိုးမျိုးကို နေ့စဉ်မှီဝဲသင့်ကြောင်း အဖြေထွက်ရှိပါသည်။

သို့သော် အထူးသတိပြုရန်မှာ ဆစ်ထရစ်အက်စစ် ခေါ် အချဉ်ဓာတ်ကဲသည့် အစားအစာများကို မည်သည့်ရောဂါကြောင့်ဖြစ်စေ အင်္ဂလိပ်ဆေး၊ ပဋိဇီဝဆေးများ သောက်ပြီးပြီးချင်း သို့မဟုတ် ဆေးထိုးပြီးပြီးချင်း ချက်ချင်းမစားသင့်ပါ။ ဆေးထိုးဆေးသောက်ပြီး အနည်းဆုံး တစ်နာရီကျော်ကြာမှသာလျှင် အချဉ်အရသာရှိသော အစားအစာများကို စားသောက်ရမည် ဖြစ်ပါသည်။ အထူးသဖြင့် အကိုက်အခဲပျောက်ဆေးများ သောက်သည့်အခါ ဗီတာမင်စီဆေးပြားနှင့်တွဲ၍ မသောက်သင့်ပါ။ ထို့နည်းတူ အချဉ်အရသာရှိသော ဖျော်ရည်များဖြင့်လည်း ရောမသောက်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် အကိုက်အခဲပျောက်ဆေးထဲတွင် ပါရှိနေသော အက်စစ်တစ်မျိုးနှင့် ဗီတာမင်စီဓာတ်တို့၏ ပေါင်းစပ်မှုဓာတ်သတ္တိအရှိန်ကြောင့် နုနယ်သော အစာအိမ်နံရံကို တိုက်စားသွားပြီးနောက် သွေးများယိုစိမ့်ထွက်လာတတ်ကာ သွေးမတိတ်ပါက သွေးလန့်ပြီး သေစေနိုင်သည်။ ထို့ကြောင့် အသက်အန္တရာယ်ကင်းစေရန်အတွက် အချဉ်စားပြီးနောက် အချိန်နှစ်နာရီခန့်ခွာ၍ အကိုက်အခဲပျောက်ဆေး မှီဝဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

> **"အထူးသဖြင့် ဆစ်ထရစ်အက်စစ်ဓာတ်ကြွယ်ဝသည့် သံပရာသီးနှင့် ရှောက်သီးတို့သည် ခန္ဓာကိုယ်အလေးချိန်ကို ကျစေခြင်း၊ အသားအရေကြည်လင်စေခြင်း၊ မျက်စိကောင်းခြင်း၊ အစာမြန်မြန်ကြေညက်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်းဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ပြင် အသက်ရှူလမ်းကြောင်းကို သက်သောင့်သက်သာဖြစ်စေ၍ ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးအပါအဝင် ရာသီဖျားနာကူးစက်ရောဂါပိုးများအန္တရာယ်မှ ကာကွယ်ပေးပါသည်။ ထို့ပြင် ၎င်းအချဉ်သီးများက ဆီးရောဂါအမျိုးမျိုးနှင့် အသားအရေပြဿနာဖြစ်ခြင်းတို့မှလည်း ကာကွယ်ပေးနိုင်"**

## ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က နေရပ်စွန့်ခွာမိသားစုဝင်များအား ထောက်ပံ့လှူဒါန်း

တောင်ကြီး နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က နေရပ်စွန့်ခွာမိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့နံနက် ၁၁ နာရီက တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာရှိ ဘုရားနီ ကျောင်းတိုက်၌ ကျင်းပသည်။



ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များသည် ဘုရားနီကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ အဂ္ဂသီရိ ထံမှငါးပါးသီလခံယူဆောက်တည်၍ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုပြီး ဆရာတော်သံဃာတော်များအားလှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ဇနီးတို့က ဘုရားနီ ကျောင်းတိုက်အတွက် မီးစက်တစ်လုံးတို့ ဆက်ကပ်လှူဒါန်းရာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် ဘုရားနီကျောင်းတိုက်ရှိ နေရပ်စွန့်ခွာ အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၄၄ ဦးတို့ အတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ဂုဏာပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၀) ရပ်ကွက် အောင်သပြေ(၂)လမ်း ပါရမီသီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဒေါ်ဂုဏစာရီအား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ဂုဏပူဇာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဆရာတော်သံဃာတော်အရှင်မြတ်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဆရာကြီးဒေါ်ယုဇနသိင်္ဂီ ဦးဆောင်သော ဆရာကြီး၊ ဆရာလေးအပေါင်းတို့က ရှစ်လုံးဘွဲ့ကဗျာဖြင့် ဂုဏ်ပြုပူဇော်ခဲ့ကြသည်။ ထို့နောက် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလှူရှင် မိသားစုဝင်များ၊ ဧည့်ပရိသတ်အပေါင်းတို့က ရာဇဂြိုဟ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဝဏ္ဏိတထံမှ(၈)ပါးသီလခံယူခြင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပဏ္ဍိတာရာမ ဆရာတော်ထံမှ ဩဝါဒကထာနာယူခြင်းနှင့် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ် ချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးသူကလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ဆက်ကပ်လှူဒါန်းသော ဘွဲ့ရဓာတ်ပုံအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးမြတ်သူရွှေကလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ဆပ်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်သေတ္တာနှင့် အဆောင်အယောင်ယပ်တောင်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးက ပေးပို့သော ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာအား မြို့နယ်သာသနာရေးမှူး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃)ဦးအေးကျော်ကလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်နှုတ်ဖြေပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ချောင်းဆုံ နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင် နှုတ်ဖြေပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို စိန်ပါတီကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့မွန်းလွဲ ၁ နာရီက ချောင်းဆုံအနောက်ရပ်ကွက် မင်းကျောင်း သာသနာ့ဗိမာန်တွင် ပြုလုပ်ရာ ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နာယက ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို တက်ရောက်လာသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်နှုတ်ဖြေပြိုင်ပွဲ ကျင်းပရာ အကဲဖြတ်အမှတ်ပေးဒိုင်အဖြစ် ဆရာတော် ကိုးပါးမှ ဆောင်ရွက်ကာ ပါဝင်ယှဉ်ပြိုင်ကြသည့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မဲစနစ်ဖြင့်



မေးခွန်းများ ဖြေကြားခြင်း ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

## မိုင်းခတ်မြို့နယ်၌ မြို့မဈေးရှိဈေးဆိုင်ခန်းများ မီးအာမခံထားရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်



မိုင်းခတ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဈေးဆိုင်ခန်းများ မီးအာမခံထားရှိရေးအတွက် ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် မြန်မာ့အာမခံလုပ်ငန်းမှတာဝန်ခံ ဒေါ်ခိုင်ရည်မွန်နှင့်ဝန်ထမ်းများ၊ မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးဌာနမှအမှုဆောင်အရာရှိ ဦးအားဝေနှင့် တာဝန်ရှိသူများသည် မြို့မဈေးရှိဈေးဆိုင်ခန်းများအား အဓိကရဏ်းမီး အပါအဝင် အဓိကရဏ်းဖျက်ဆီးမှု၊ မသမာဖျက်ဆီးမှုစသည့် အန္တရာယ်များမှ အကာအကွယ်ရရှိနိုင်ရန်အတွက် မီးအာမခံထားရှိနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ၏။


## ကျောက်ဆည်မြို့နယ်၌ ငရုတ်သီးအထွက်နှုန်း နည်းသော်လည်း ဈေးကောင်းသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေ

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိထားစိုက်ပျိုးကြပြီး ယာမြေများတွင် ပဲအမျိုးမျိုး၊ ဝါ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ သီးနှံများ စိုက်ပျိုးကြကြောင်းနှင့် ငရုတ်စိုက်တောင်သူများအနေဖြင့် အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းသဖြင့် အသီးအစိမ်းခူးဆွတ်ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ငရုပ်သီးအစိမ်း ခူးဆွတ်ရောင်းချသူများအနေဖြင့် ၆၇၂ ငရုတ်မျိုးများ အဓိကစိုက်ပျိုးကြပြီး ဈေးကွက်ရရှိရေး အချိန်ကာလအမျိုးမျိုး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစိုစိုက် (ရေသွင်းစိုက်ပျိုးခြင်း)နှင့် အခြောက်စိုက် (မြေကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း)ဟူ၍ စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံတစ်ဧက ပျိုးထောင်စိုက်ပျိုးမည်ဆိုပါက မျိုးထုပ် ၁၅ ထုပ်ခန့် ပျိုးထောင်စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြင်သည်မှစ၍ အခင်းဖျက်သိမ်းသည်အထိ သွင်းအားစုထည့်သွင်း အသုံးပြုသည့်အပေါ် မူတည်ကာ ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းအထိ ကုန်ကျကြောင်း သိရသည်။

ငရုတ်သီးနှံသည် ကာလရှည်သီးနှံဖြစ်ပြီး တောင်သူအများစုသည် အသီးရင့်မှည့်အောင်ထားကာ ခုနစ်ရက်တစ်ကြိမ် ခူးဆွတ်အခြောက်လှန်း ရောင်းချခြင်းများ ပြုလုပ်ကြသော်လည်း နေ့စဉ် ဝင်ငွေရရှိလိုသူများအနေဖြင့် ငရုတ်သီးများကို အစိမ်းခူးဆွတ်ရောင်းချလျက်ရှိရာ ငရုပ်သီးအစိမ်း ဈေးကောင်းမွန်သောကြောင့် အသီးအစိမ်း ခူးဆွတ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



သက်မောင်(ကျောက်ဆည်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# Asean Cup ပြိုင်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်ချိန်နှစ်ပတ်ကျော်ရရှိမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာဒုတိယပတ်တွင် စတင်ကျင်းပမည့် ၂၀၂၄ Asean Cup ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နှစ်ပတ်ကျော်ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် နိုဝင်ဘာ ၂၅ ရက်တွင် စတင်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲ MNL ပွဲစဉ် (၁၄)အပြီး နောက်ရက်မှာပင် စတင်လေ့ကျင့်ခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ပါဝင်နေသူများမှာမူ နောက်ကျမှပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး ဂိုးသမားပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ ဇင်ညီညီအောင် (ဒဂုံစတားယူနိုက်တက်) နောက်တန်း-သူရိန်စိုး၊ ရဲလင်းထက် (ရန်ကုန်ယူနိုက်တက်)၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ သက်ဟိန်းစိုး၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ လတ်ဝေဘုန်း (ဟံသာဝတီယူနိုက်တက်)၊ သီဟထက်အောင် (ဒဂုံစတားယူနိုက်တက်)၊ စိုးမိုးကျော် (Tiffy Army -ကမ္ဘောဒီးယား)၊ အလယ်တန်း-ဥက္ကာနိုင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင် (ရန်ကုန်ယူနိုက်တက်)၊ ခိုင်ရဲဝင်း (အား/ကာသိပ္ပံ)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီယူနိုက်တက်)၊ အောင်နိုင်ဝင်း (ဒဂုံစတားယူနိုက်တက်)၊ သီဟဇော် (နာဂါဝေါလ်-ကမ္ဘောဒီးယား)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား)၊ ရှေ့တန်း-သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း)၊ ဝင်းနိုင်ထွန်း (ချင်းရိုင်ယူနိုက်တက်-ထိုင်း)၊ အောင်ကောင်းမာန် (ကီလန်တန်-မလေးရှား) နှင့် ရန်ကျော်ထွေး (ရန်ကုန်ယူနိုက်တက်)တို့ ပါဝင်ကြသည်။

Asean Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။



သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

# စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကလေးရုပ်သံပွဲတော်နှင့် ဗီဒီယိုပြိုင်ပွဲ(4th SEAVFC) ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၅

အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကလေးငယ်များ အနုပညာဖန်တီးတင်ဆက်မှုမှတစ်ဆင့် ယှဉ်ကျေးမှုပူးပေါင်းဖလှယ်နိုင်မည့် အခွင့်အလမ်း ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကလေးရုပ်သံပွဲတော်နှင့် ဗီဒီယိုပွဲတော် (4th Southeast Asia Video Festival for Children-SEAVFC) အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Sunway Pyramid Hotel ရှိ Convention Centre ၌ ကျင်းပရာ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဒေါ်လိန်းမောင်းပန်က (Governing Board) အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်မောင်၊ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် ပြင်ပပညာရှင် ဦးဟန်မြင့်တို့က ဒိုင်အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။




အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး သတ်မှတ်ထားရှိရာ ယခုနှစ်ပြိုင်ပွဲသို့ အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင်ဗီဒီယိုစုစုပေါင်း ၇၁ ပုဒ် ပေးပို့ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ဗီဒီယို သုံးပုဒ် ပေးပို့ယှဉ်ပြိုင်ခဲ့ရာ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မကယ်လီတင်က အသက် ၁၂ နှစ်အောက် ကလေးသူငယ်ပြိုင်ပွဲ အုပ်စုတွင် Unity in Diversity ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက(၁)ဒဂုံမှ မလမင်းဖူးပြည့်က အသက် ၁၃ နှစ်မှ ၁၅ နှစ် ကလေးသူငယ်အုပ်စု ပြိုင်ပွဲတွင် Beautiful Friendship ခေါင်းစဉ်ဖြင့် လည်းကောင်း ပဏာမ ၂၅ ပုဒ်တွင် စာရင်းဝင်ပြီး ရွေးချယ်ခံရသဖြင့် ၎င်းတို့ အုပ်ထိန်းသူများ အပါအဝင် တက်ရောက်ခွင့်ရရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသည့် ဆုချီးမြှင့်ပွဲအခမ်းအနား၌ အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များက ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေစဉ် မြန်မာနိုင်ငံမှ ပဏာမဆု ရွေးချယ်ခံရသည့် ကျောင်းသူနှစ်ဦးတို့က လည်း "မင်္ဂလာပါ" သီချင်းဖြင့် ပါဝင်တင်ဆက်ခဲ့ကြောင်း။

အဆိုပါ စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကလေးရုပ်သံပွဲတော်နှင့် ဗီဒီယိုပြိုင်ပွဲတွင် ပညာရှင်အဆင့် (အသက် ၇ နှစ်နှင့် အောက်အုပ်စု)၌ စင်ကာပူနိုင်ငံမှ Fox Tales "Bear With Me"၊ ပညာရှင်အဆင့် (အသက် ၆ -၁၂ နှစ်အုပ်စု)၌ မလေးရှားနိုင်ငံမှ "Upin & Ipin"၊ ပညာရှင်အဆင့် (အသက် ၁၃ - ၁၇ နှစ်အုပ်စု)၌ အင်ဒိုနီးရှားနိုင်ငံမှ "Tayan Tutu Anakku Satu"၊ ပညာရှင်အဆင့် Non-Fiction ဇာတ်ကားများအနက် (အသက် ၇ နှစ်အောက်အုပ်စု)၌ ထိုင်းနိုင်ငံမှ "Little Watcher"၊ (အသက် ၈-၁၂ နှစ်အုပ်စု)၌ ထိုင်းနိုင်ငံမှ Poupay The Mahout Girl"၊ (အသက် ၁၃ - ၁၇ နှစ်အုပ်စု)၌ ထိုင်းနိုင်ငံမှ"About Us"၊ (အသက် ၁၈ နှစ်နှင့်အထက် ဝါသနာရှင်အဆင့် ဗီဒီယိုထုတ်လုပ်သူများ အုပ်စု)၌ ဖိလစ်ပိုင်နိုင်ငံမှ Bata, Bata Ka Lang၊ ကလေးသူငယ် ဗီဒီယိုရိုက်ကူးမှုတွင် (အသက် ၁၂ နှစ်နှင့်အောက်)အုပ်စု၌ ဗီယက်နမ်နိုင်ငံမှ "A Silent Connection"၊ (အသက် ၁၃ - ၁၅ နှစ်အုပ်စု)၌ ဖိလစ်ပိုင်နိုင်ငံမှ Kisapmate နှင့် (အသက် ၁၆ - ၁၇ အုပ်စု)၌ ဖိလစ်ပိုင်နိုင်ငံမှ Inabay တို့က ဆုများရရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပဥ္စမအကြိမ် အရှေ့တောင်အာရှ ကလေးရုပ်သံပွဲတော်နှင့် ဗီဒီယိုပြိုင်ပွဲကို "The Magic of Peace" ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# " စီးပွားရေးပညာ နှစ်တစ်ရာ" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "စီးပွားရေးပညာနှစ်တစ်ရာ" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို The Green Band ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် အောင်နိုင်၊ ဂျက်မြသောင်း၊ နန္ဒကျော်၊ တိုးဝင်း၊ ဝဏ္ဏ၊ စိုးသိခ်၊ ဆွေဆွေမြင့်၊ ဟယ်လင်သင်း၊ ချောငယ်နှင့် အိဗ်(Eve)တို့က စီးပွားရေးပညာ မော်ကွန်းသစ်၊ Eco သူမာလာဆောင်မောင်လာတယ်၊ တို့သတိရနေမှာပါ စသည့်စီးပွားရေးတက္ကသိုလ်ပုံရိပ်တွေကို ထင်ဟပ်ဖော်ကျူးထားသော တေးသီချင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဒီဇင်ဘာ ၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ❍ ကျောဖုံးမှ

ပွဲကစားချိန် ၆၅ မိနစ်နဲ့ ၈၃ မိနစ်(ပင်နယ်တီ)တို့မှာ မိုဟာမက်ဆာလာက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပွဲကစားချိန် ၄၂ မိနစ်မှာ အမ်စထရောင်းကတစ်ဂိုး၊ ၅၆ မိနစ်မှာ မာတီယပ်ဖာနန်ဒက်စ်ကတစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီးအသင်းကို ရှစ်မှတ်ဖြတ်ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၂)ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လာမယ့်ပွဲစဉ်မှာ လက်ရှိချန်ပီယံ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်လာဖို့ အခွင့်အရေးနဲ့ ပိုမိုနီးစပ်လာတော့မှာဖြစ်ပါတယ်။

ငွေကြယ်

## ❖ MNL မှ

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဒုတိယနေရာမှဖယ်ပေးခဲ့ရပြီး တတိယနေရာ ဆင်းပေးခဲ့ရသည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မဟာယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်း သရေပွဲကြောင့် Junior Lions အသင်းသည် ဂိုးပြတ်နိုင်ပွဲရယူပြီး ဒုတိယနေရာ တက်လှမ်းနိုင်ခဲ့သည်။ Junior Lions အသင်းအတွက် ဂိုးများကို ခုနစ်မိနစ်တွင် သော်ဇင်ကို၊ ၁၂၊ ၁၉၊ ၈၂၊ ၈၆ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ၅၉ မိနစ်တွင် စွမ်းဇာနည်တို့က သွင်းယူပြီး မဟာယူနိုက်တက်အတွက် ချေပဂိုးတစ်ဂိုးကို နှစ်မိနစ်တွင် သန့်ဇော်ဟိန်းက သွင်းယူခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် နှစ်ဂိုးစီသရေကျခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ကိုးမိနစ်တွင် အောင်မင်းခန့်၊ ၆၃ မိနစ်တွင် ဇော်လင်းအောင်တို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၉ မိနစ်တွင် သော်ဇင်နိုင်၊ မိနစ် ၄၀ တွင် ထက်မြတ်မောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၂၅)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၂ မှတ်ဖြင့် ချန်ပီယံဖြစ်ထားပြီး Junior Lions အသင်းက ၄၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၄၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၄၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၇ မှတ်၊ သစ္စာအားမာန်အသင်းက ၃၅ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၂၉ မှတ်၊ ရတနာပုံအသင်းက ၂၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ Dagon Port အသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၉ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်ရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ဒဂုံစတားယူနိုက်တက်အသင်းသည် ပွဲကုန်ကစားထားကာ ကျန်အသင်းများမှာမူ တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MNL

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်…**

❖ **ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါး ၄၄၂၀၀၆ ဧက ရိတ်သိမ်းပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်သူများသည် မိုးစပါး ၁၁၄၄၃၇၂ ဧက စိုက်ပျိုးခဲ့ပြီး ယခုနိုဝင်ဘာလ နောက်ဆုံးပတ်အထိ မိုးစပါး ၄၄၂၀၀၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


**ပြန်လည်စိုက်ပျိုး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆင်းသုခ၊ ရက် ၉၀၊ ရာကျော်၊ ရွှေဝါထွန်းစသည့် အရည်အသွေးကောင်းမွန်သော စပါးမျိုးများကို တောင်သူများစိုက်ပျိုးကြရာ မိုးစပါး ၁၁၁၁၈၀၂ ဧက စိုက်ပျိုးပြီးချိန်တွင် မုန်တိုင်းကြောင့် မိုးစပါးစိုက်ဧက ၇၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး ၁၁၄၄၃၇၂ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်းရှိ ရိတ်သိမ်းပြီး မိုးစပါးစိုက်ခင်းများတွင် ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းနှင့် နေကြာများစိုက်ပျိုးရန် တောင်သူများဆောင်ရွက်လျက်ရှိပြီး စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❐




# ဆောက်သမ်တန်ကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ လီဗာပူးအသင်း ဆက်လက်ဦးဆောင်



ဆောက်သမ်တန်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ဆောက်သမ်တန် အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

ဆောက်သမ်တန် အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ ညှော်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၃၀ မှာ ဗိုဘိုဇလိုင်းက တစ်ဂိုး၊ စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ❍

# MNL ယူ-၂၀ ပြိုင်ပွဲတွင် အား/ကာသိပ္ပံ သရေပွဲကြောင့် Junior Lions အသင်း ဒုတိယနေရာရောက်လာ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း သရေပွဲကြောင့် Junior Lions အသင်း ဒုတိယနေရာ ရောက်ရှိလာသည်။

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ❖



အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၆

လူငယ်နှင့် တာဝန်သိစိတ်

ရသစုံလင် ပြုံးပျော်ရွှင် စာမျက်နှာ » ၂၁